မြန်မာနိုင်ငံတော်

ဝန်ကြီးချုပ် ဦးနု၏ အမေး

ပုသိမ်မြို့

သန္တာရုံ ဆရာတော်၏ အဖြေ

# ဗြဟ္မယာစနကထာပြဿနာ

# အဖြေ

မြန်မာနိုင်ငံတော်

ဝန်ကြီးချုပ် ဦးနု၏ အမေး

နှင့်

ပုသိမ်မြို့

သန္တာရုံ ဆရာတော်၏ အဖြေ

# ဗြဟ္မယာစနကထာပြဿနာ

## အဖြေ

ဂန္ဓာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃-၂၄-လမ်း၊ ရန်ကုန်မြို့။

# နိဒါန်း အချီး

အမေး နှင့် အဖြေ ဟူသော စကားနှစ်လုံးသည် ကမ္ဘာ့ မျက်နှာပြင်တွင် အစဉ် ဒွန်တွဲလျက် ရှိသည်မှာ မေးတတ်သူနှင့် ဖြေတတ်သူ ဒွန်တွဲလျက် ရှိသောကြောင့် ဖြစ်လေရာ....လောကီရေးတွင် ဖြစ်စေ, လောကုတ္တရာ ရေးတွင်ဖြစ်စေ, မေးခွန်းနှင့်တူအောင် မေးတတ်မှုသည် ဆိုင်ရာဆိုင်ရာ၌ လေ့လာမှု ကြိုစည်မှု တွေးတောမှု ရှိမှ ဖြစ်လေသည်။ ဖြေဆို တတ် မှုကား— ထို ထက် သာလွန်၍ ပညာချွန် ပုဂ္ဂိုလ် ထူးများ၏ အသိဉာဏ် အရာသာ ဖြစ်လေသည်။

မေးတတ်သူ တဦး၏ မေးခွန်း သွာကြောင့် ဖြေ တတ်သူ တဦးမှ ဖြစ်ပွား လာသော အဖြေသွာသည် အများအတွက် အကျိုးရ ဖြစ်နိုင်လေသည်။ မေးတတ် သောနတ်သား တဦး၏မင်္ဂလာနှင့်စပ်သောမေးခွန်း သွာ ကြောင့် မြတ်စွာ ဘုရားမှ ဖြစ်ပွားလာသော မင်္ဂလာ အဖြေ သွာ သည် ယနေ့ တိုင်အောင် သုံးစွဲ ကျင့်ကြံ သူတိုင်း အကျိုးရ ဖြစ်သည့်ပြင် စာရိတ္တမဏ္ဍိုင် တည် ဆောက် ရာတွင်လည်း အုတ်မြစ်သဖွယ် အကောင်းဆုံး အခြေခံ ဖြစ်ကြောင်းကို မြို့နယ်အနှံ့ ကျင်းပလျက် ရှိသော မင်္ဂလာ စာမေးပွဲ များက သာဓက တခု အနေဖြင့် သက်သေ ခံသည် မဟုတ်ပါ တုံလော။

ဣန္ဒာသယ ၁၁၉—၁

## နိဒါန်း အချီး

အမေးလွှာ တခု ပေါ်လာသည့် အခါ အဖြေလွှာ တခု ပေါ်ပေါက်ရန် ဘာသာရေးနှင့် စပ်လျဉ်း၊ ဘာသာ ပညာကျော် ပုဂ္ဂိုလ်များ၏—လောကီရေးနှင့် စပ်လျဉ်း လောကီ ပညာကျော် ပုဂ္ဂိုလ်များ၏ မရှောင်လွှဲသာ သော တာဝန်ကြီးတခု ဖြစ်ပေရာ ယခုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ဗြဟ္မယာစနကထာ ပြဿနာသည် သာသနာရေး နှင့် ဆိုင်ရကား သာသနိက ပုဂ္ဂိုလ် တိုင်း၏ တာဝန်ဖြစ်သည့် အလျောက် ကျုံပျော်မြို့ ဝေဠုဝန် ဆရာတော် ဘုရားကြီး၏ အန္တေဝါသိက ဖြစ်သော ပုသိမ်မြို့ ကျေးဇူးရှင် **သင်္ကာရုံ ဆရာတော်** ဘုရားသည် ပုဏ္ဏားရှင် ဖြစ်သော ဝန်ကြီးချုပ်ကို ဓမ္မပဋိဂ္ဂါဟက အဖြစ်ထား၍ ဗုဒ္ဓဘာသာဝင် အများ သိစေရန် ကျွမ်းဂန်အရှိ နှိုင်းညှိ ဆင်ခြင် လျက် **ဗြဟ္မယာစနကထာ ပြဿနာ** အဖြေကို ရေးသား ဖြေဆိုတော်မူကာ သာသနာတာဝန်ကို ဆောင်ရွက် တော်မူသည် ဖြစ်ပါ ကြောင်း။

**ဗုဒ္ဓသာသယ—ဦးထွန်းသိန်း**
သိရိပဝရ ဓမ္မာစရိယ

—○—





နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ဗြဟ္မယာစနကထာ ပြဿနာ

တိကျ မှန်ကန်သော အဖြေ
**ပေးတော်မူကြပါဘုရား**

ရှိသေ လေးမြတ်စွာ လျှောက်ထား အပ်ပါသည်၊ ဆဋ္ဌသင်္ဂါယနာ သံဃနာယက ဆရာတော်ဘုရားကြီး အမှူးရှိသော ဆဋ္ဌသင်္ဂီတိကာရက ဓမ္မသင်္ဂါဟက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား......

လျှောက်ထားရန်အကြောင်းမှာ မြတ်စွာဘုရားသခင် သည် သဗ္ဗညုတ ညာဏ်ကို ရတော်မူပြီးစက တရား မဟောခြင်းငှါ အကြံတော် ဖြစ်နေ၍ သဟံပတိ ဗြဟ္မာမင်း လာရောက် တောင်းပန် မှသာ တရား ဟောတော် မူသည် ဟူသော အကြောင်း အရာကို ငယ် ရွယ်စဉ်ကပင် ကြားခဲ့ဘူးပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးမျိုး မကျေမနပ်သဖြင့် နီးစပ်ရာ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် အချို့တို့အား လျှောက်ထား မေးမြန်းခဲ့ပါသည်။ သို့ရာတွင် ကျေနပ် လောက်သော အဖြေကို ယနေ့တိုင်အောင် မရရှိခဲ့ပါ ဘုရား။

သို့ကြောင့် ယခု ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်သို့ ကြွရောက်တော် မူလာကြကုန်သော ထေရဝါဒ နိုင်ငံပေါင်းစုံမှ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ မျက်နှာစုံညီ စုဝေးတော်မူကြခိုက် အခွင့်ကောင်း အခါကောင်းနှင့် ကြုံကြိုက်သည့်အားလျော်စွာ လျှောက်ထားလိုပါသည် ဘုရား။ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ကလည်း တိကျမှန်ကန်သော အဖြေကို ပေးတော်မူလိမ့်မည်ဟု မျှော်လင့် ယုံကြည်ပါသည်ဘုရား။

## လျှောက်ထားချက်

ဝိနည်း မဟာဝါ ပါဠိတော်၌ ဗြဟ္မယာစနကထာ မည်သော ဗြဟ္မာ တောင်းပန်ခန်း ပါရှိပါသည်။ ထိုဗြဟ္မာ တောင်းပန် ခန်းကို ပိဋကတ်တော် မြန်မာပြန်မှ ထုတ်နှုတ်၍ အောက်ပါ အတိုင်း ဖော်ပြ အပ်ပါသည် ဘုရား....

## ဗြဟ္မယာစနကထာ မြန်မာပြန်

ထိုနောက် မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် ထို(အရဟတ္တဖိုလ်)သမာဓိမှ ,ထတော်မူ၍ လင်းလွန်း



ပင်ရင်းမှ အဇပါလ ညောင်ပင်ဆီသို့ ချဉ်းကပ်တော်မူ၍ ထိုအဇပါလ ညောင်ပင်ရင်း၌ နေတော်မူ၏။

ထိုအခါ ဆိတ်ကွယ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်း နေတော်မူစဉ် မြတ်စွာဘုရားအား ဤသို့ စိတ်အကြံ ဖြစ်တော်မူ၏။

ငါသိထားသော ဤတရားကား-နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သော တရားပေတည်း။ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ကုန်၏။ တွယ်တာ မှုတို့၌ ပျော်ပိုက်ကုန်၏။ တွယ်တာမှုတို့၌ အလွန် နှစ်ခြိုက်နေကုန်၏။ တွယ်တာ မှုတို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက် နေကြသော ဤသတ္တဝါ များသည် အကျိုးတရားတို့၏ အကြောင်း တရား ဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော ဤ (နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကို ဟောပြောအံ့။ သူတပါးတို့သည် လည်း ငါ၏(တရား ကို) မသိ နားမလည် ကုန်ငြားအံ့။ သို့ဖြစ်လျှင် ထို(တရား ဟောမှု)သည် ငါ့အား ပင်ပန်းရုံ သာဖြစ်ရာ၏။ ငါ့ကိုယ် (ငါ) ညှဉ်းဆဲရုံသာ ဖြစ်ရာ၏ (ဟု စိတ်အကြံ ဖြစ်တော်မူ၏)။

ထို့ပြင် အလွန် အံ့ဘွယ်ကောင်းသော ဤဂါထာတို့သည်လည်း မြတ်စွာဘုရားအား ရှေးက မကြားဘူးဘဲ စိတ်၌ ထင်ပေါ် လာပြန်ကုန်၏။

ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသော တရားကို ယခု အခါ ဟောပြခြင်းငှါ မသင့်လျော်ချေ။ ရာဂ ဒေါသ လွှမ်းမိုးနေသော သူတို့သည် တရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းသျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အကျုမြ သဖွယ် မြင်နိုင်ခဲသော (သံသရာ့) အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ (ဟု စိတ်ထဲ၌ ပေါ်လာပြန်ကုန်၏)။

ဤသို့ ဆင်ခြင်တော်မူစဉ် မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော် မမူဘဲ ကြောင့် ကြမဲ့နေရန် ညွတ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ သဟံပတိ ဗြဟ္မာအား ဤသို့ အကြံဖြစ်ပေါ်လာ၏။

အချင်းတို့-လောကသည် ပျက်စီးတော့မည်တကား။ အချင်းတို့-လောကသည် ပျက်စီးတော့မည် တကား။ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စိတ် နှလုံးတော်သည် တရား ဟောရန် ညွတ်တော် မမူဘဲ ကြောင့်ကြမဲ့ နေရန် ညွတ်တော်မူတုံဘိ၏ (ဟု အကြံဖြစ်၏)။



ထို့နောက် သန်စွမ်းသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း ထိုသဟံပတိ ဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်၌ထင်ရှားပေါ်လာ၏။ ထိုအခါ ထိုသဟံပတိ ဗြဟ္မာသည် အပေါ်ရုံကိုပခုံးတဖက်၌တင်၍ ယက်ျာဒူးကို မြေ၌ထောက်လျက် မြတ်စွာ ဘုရားဆီသို့ လက်အုပ် ချီပြီးလျှင် ဤစကားကို လျှောက်၏။

မြတ်စွာ ဘုရား....ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ ကောင်းသော စကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော် မူပါလော့။ (ပညာ) မျက်စိ၌ (ကိလေသာ) မြူနည်းပါးသော သတ္တဝါ တို့သည် ရှိပါကုန်၏။ (ထို သတ္တဝါ တို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏။ တရားကို သိသူတို့သည် ရှိပါကုန် လတ္တံ့ (ဟု လျှောက်၏)။

သဟံပတိ ဗြဟ္မာသည် ဤစကားကို လျှောက်ပြီး နောက် ထိုမှတပါး ဤစကားကို လျှောက်ပြန်၏။

ရှေးအခါ မဂဓတိုင်း တို့၌ ရာဂစသော အညစ် အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆ အပ်သော မစင်ကြယ်သော မိစ္ဆာ အယူတရားသည် ထင်ရှားဖြစ် ပေါ် ခဲ့ပါသည်။ အမြိုက် နိဗ္ဗာန်၏တံခါးကို ဖွင့်လှစ်တော်

မူပါလော့။ အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော တရားတော်ကို နာကြစေပါကုန်လော့။

ကောင်းမြတ်သော ပညာရှင် ဖြစ်တော် မူသော မြတ်စွာဘုရား....ထက်ဝန်းကျင်မြင်စွမ်းနိုင်သော ဉာဏ်မျက်စိ ရှိတော် မူသော မြတ်စွာဘုရား....ကျောက်ဖြင့်ပြီးသော တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေးကင်းဝေးတော် မူသော အရှင်ဘုရားသည် ပညာမဉ္စဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့၏ အနှိပ်စက် ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက် နေသောသတ္တဝါအပေါင်းကို ကြည့်ရှုတော် မူပါလော့။

ရဲရင့်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား....အောင်ပွဲ ရတော်မူပြီးသော မြတ်စွာဘုရား....ထတော်မူပါလော့။လှည်းမှူးနှင့် တူတော်မူသောမြတ်စွာဘုရား....ကိလေသာကြွေးကင်းဝေးတော်မူသောမြတ်စွာဘုရား...လောက၌ လှည့်လည်တော် မူပါလော့။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား......တရား ဟောတော် မူပါလော့။တရားကိုသိသူတို့သည်ရှိပါကုန်လတ္တံ့(ဟု လျှောက်၏)။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် သဟံပတိဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏။



ဗြဟ္မာ-ငါသည် တရားဟောရမှု ကောင်းလေစွ ဟူသော အကြံသည် ငါ့အားလည်း ဖြစ်၏။ ဗြဟ္မာ-ထိုငါ့အား ဤသို့သောအကြံသည် ဖြစ်ပြန်၏။

ငါသိထားသော ဤတရားကား နက်နဲ၏ မြင်နိုင်ခဲ၏၊ သိနိုင် ခဲ၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက် နိုင်သော ပညာရှိတို့သာ သိနိုင်သော တရား ပေတည်း။

ဤသတ္တဝါများကားတွယ်တာမှုတို့၌ မွေ့လျော်ကုန်၏။ တွယ်တာမှုတို့၌ ပျော်ပိုက် အလွန် နှစ်သက်နေကြသော ဤသတ္တဝါ များသည် အကျိုး တရားတို့၏ အကြောင်း ဖြစ်သော ဤ ပဋိစ္စသမုပ္ပါဒ် တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှု အားလုံး၏ ငြိမ်းရာ ဉပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သောဤနိဗ္ဗာန် တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကို ဟောငြားအံ့၊သူတပါး တို့သည်လည်း ငါ၏တရားကို မသိနားမလည်ကုန်ငြားအံ့။ သို့ဖြစ်လျှင် ထို (တရားဟောမှု) သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်၏။ ငါ့ကိုယ်(ငါ)ညှဉ်းဆဲရုံသာဖြစ်ရာ၏(ဟုအကြံဖြစ်ပြန်၏)

ဗြဟ္မာ ထို့ပြင် အလွန် အံ့ဘွယ် ကောင်းသော ဤ ဂါထာ တို့သည်လည်း ငါ့အား ရှေးက မကြားဘူးဘဲ စိတ်ထဲ၌ ထင်ပေါ်လာကုန်၏။

ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသော တရားကို ယခုအခါဟောပြခြင်းငှါ မသင့်လျော်ချေ။ရာဂဒေါသ

လွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

အဝိဇ္ဇာ မှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲနေသော သူတို့သည် သိမ်မွေ့ နက်နဲ အကျုရှုသဖွယ် မြင်နိုင်ခဲသော (သံသရာ့)အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေဟု စိတ်ထဲ၌ထင်ပေါ်လာပြန်ကုန်၏ ဗြဟ္မာ-ဤသို့ဆင်ခြင်စဉ် ငါ၏စိတ်နှလုံးသည် တရား မညွှတ်ဘဲ ကြောင့်ကြမဲ့နေရန် ညွှတ်ခဲ့၏ဟု မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း သဟံပတိ ဗြဟ္မာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

မြတ်စွာဘုရား…ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် တရားကို ဟောတော်မူပါလော့။ ကောင်းသော စကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရားသည် တရားကိုဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌(ကိလေသာ)မြူ နည်းပါးသော သတ္တဝါ တို့သည် ရှိပါကုန်၏။ (ထိုသတ္တဝါတို့သည်)တရားကိုမနာရသောကြောင့်ဆုံးရှုံးနေပါကုန်၏၊ တရားကိုသိသူတို့သည်*ရှိပါကုန်လတ္တံ့(ဟု လျှောက်၏)။

ဤ စကားကို လျှောက်ပြီး နောက် ထိုမှ တပါး ဤ စကားကို လျှောက်ပြန်၏။

ရှေးအခါ မဂဓတိုင်းတို့၌ ရာဂစသော အညစ်အကြေး ရှိသူ ဂိုဏ်းဆရာကြီးတို့ ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူ တရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်။



အမြိုက် နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော် မူပါလော့။ အညစ်အကြေး ကင်းဝေးတော်မူသော မြတ်စွာ ဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော တရားတော်ကို နာကြစေပါကုန်လော့။

ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသောမြတ်စွာ ဘုရား....ထက်ဝန်းကျင်မြင်စွမ်း နိုင်သော ဉာဏ် မျက်စိ ရှိတော်မူသော မြတ်စွာဘုရား....ကျောက်ဖြင့် ပြီးသော တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင်လူ အပေါင်းကိုကြည့်ရှုသကဲ့သို့ထိုအတူ စိုးရိမ်ပူဆွေးကင်းဝေးတော် မူသော အရှင်ဘုရားသည်ပညာဓမ္မဖြင့်ပြီးသော ပြာသာဒ် ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်း တို့၏ အနှိပ် အစက် ခံနေရ သဖြင့်၊ စိုးရိမ် ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက်နေသော သတ္တဝါ အပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်သော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား..... အောင်ပွဲ ဆင်ယင်တော် မူပြီးသော မြတ်စွာဘုရား.... ထတော်မူပါလော့၊ လှည်းမှူးနှင့်တူသော မြတ်စွာဘုရား.... ကိလေသာကြွေးကင်းဝေးတော်မူသော မြတ်စွာဘုရား.... လောကသို့လှည့်လည်တော်မူပါလော့ ဘုန်းတော်ကြီးသော မြတ်စွာဘုရား.....တရားတော်ကို ဟောတော် မူပါလော့။ တရားကိုသိသူတို့သည်ရှိပါကုန်လတ္တံ့ဟုလျှောက်ပြန်၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် သဟံပတိ ဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏။

ပြဗ္ဗာ – စင်စစ် ငါ့အားလည်း ဤသို့သော အကြံ ဖြစ်ဘူးပြီ။

ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏။ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော ပညာရှိတို့သာ သိနိုင်သော တရားပေတည်း။ ဤ သတ္တဝါ များကား တွယ်တာမှု တို့၌ မွေ့လျော်ကုန်၏။ တွယ်တာမှု တို့၌ ပျော်ပိုက် ကုန်၏။ တွယ်တာမှုတို့၌ အလွန် နှစ်သက်နေကုန်၏။ တွယ်တာမှု တို့၌ မွေ့လျော်ပျော်ပိုက် အလွန် နှစ်သက် နေကြသော ဤသ တ္တဝါ များကား အကျိုးတရား တို့၏ အကြောင်း တရားဖြစ်သော ဤပဋိစ္စသမုပ္ပါဒ် တရားကိုလည်း မြင်နိုင် ခဲ၏။ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကိုပယ်စွန့် ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော ဤနိဗ္ဗာန် တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည် လည်း တရားကို ဟောပြောအံ့၊ သူတပါး တို့သည်လည်း ငါ၏တရားကို မသိနားမလည် ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထို (တရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏။ ငါ့ကိုယ်(ငါ)ညှဉ်းဆဲရုံသာဖြစ်ရာ၏(ဟုအကြံဖြစ်ဘူး၏)။

ပြဗ္ဗာ–ထို့ပြင် အလွန် အံ့ဘွယ် ကောင်းကုန်သော ဤဂါထာ တို့သည်လည်း ငါ့အား ရှေးက မကြားဘူး ကုန်ဘဲ စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏။

ငါသည်ခဲယဉ်းစွာ ကျင့်သဖြင့်ရထားသော တရားကို ယခုအခါ ဟောပြခြင်း၌ မသင့်လျော်ချေ။ ရာဂဒေါသ



လွှမ်းမိုး နေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

အဝိဇ္ဇာမှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်စွဲ နေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အကျုမြူသဘွယ် မြင်နိုင်ခဲသော(သံသရာ့)အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ ဟု စိတ်ထည်း၌ ထင်ပေါ် လာပြန် ကုန်၏၊ ပြဗ္ဗာ–ဤသို့ ဆင်ခြင်စဉ် ငါ၏ စိတ်နှလုံးသည် တရား ဟောရန် မညွတ်ဘဲ ကြောင့်ကြမဲ့နေရန်သာ ညွတ်ခဲ့၏ ဟု မိန့်တော်မူ၏။

သုံးကြိမ် မြောက်လည်း သဟံပတိ ပြဗ္ဗာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

မြတ်စွာ ဘုရား....ဘုန်းတော် ကြီးသော မြတ်စွာ ဘုရားသည် တရားဟောတော်မူပါလော့။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရားသည် တရားဟောတော်မူပါလော့။ (ပညာ) မျက်စိ၌ (ကိလေ သာ) မြူ နည်းပါးသော သတ္တဝါ တို့သည် ရှိပါကုန်၏။ (ထိုသတ္တဝါ တို့သည်) တရားကို မနာရ သောကြောင့် ဆုံးရှုံး နေပါကုန်၏။ တရားကို သိတတ်သူ တို့သည် ရှိပါကုန်လတ္တံ့ (ဟု လျှောက်၏)။

သဟံပတိ ပြဗ္ဗာသည် ဤစကားကို လျှောက်ပြီး နောက် ထိုမှ တပါး ဤစကားကိုလည်း လျှောက်ပြန်၏။

ရှေးအခါ မဂဓတိုင်း တို့၌ ရာဂ စသော အညစ် အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့ ကြံဆအပ်သော မစင်

ကြယ်သောမိစ္ဆာအယူတရားသည်ထင်ရှားဖြစ်ပါသည်။ အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော် မူပါလော့၊ အညစ်အကြေး ကင်းဝေးတော်မူသော မြတ်စွာဘုရား သည်သဘာဝနှင့် အလျော် သိတော်မူအပ်သော တရား တော်ကို နာကြစေပါကုန်လော့။

ကောင်းမြတ်သောပညာရှင်ဖြစ်တော်မူသောမြတ်စွာ ဘုရား.....ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိ ရှိတော်မူသော မြတ်စွာဘုရား....ကျောက်ဖြင့်ပြီးသော တောင်ထိပ်၌ ရပ်တည် လျက် ထက်ဝန်း ကျင်ရှိ လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဝေးတော် မူသော အရှင်ဘုရားသည် ပညာမယ ဖြင့် ပြီးသော ပြာသာဒ်ထက်သို့တက်တော်မူ၍ ပဋိသန္ဓေနေ ခြင်း အိုခြင်း၏ အနှိပ်စက် ခံနေရသဖြင့် စိုးရိမ်ပူဆွေး ခြင်းသို့ သက်ဆင်း ကျရောက် နေသော သတ္တဝါ အပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်သော လုံ့လရှိတော်မူသောမြတ်စွာဘုရား...... အောင်ပွဲ ဆင်ယင်တော် မူပြီးသော မြတ်စွာဘုရား...... ထတော်မူပါလော့။ လှည်းမှူးနှင့်တူတော်မူသော မြတ် စွာဘုရား.... ကိလေသာ ကြွေးကင်းဝေးတော် မူသော မြတ်စွာဘုရား....လောက၌ လှည့်လည်တော် မူပါလော့။ ဘုန်းတော်ကြီးသောမြတ်စွာဘုရား....တရားဟောတော် မူပါလော့၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့။ (ဟု လျှောက်ပြန်၏)။



ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန် ခြင်းကို အသိအမှတ် ပြုပြီးလျှင် သတ္တဝါတို့၌ သနား ခြင်းကိုလည်း အကြောင်းပြု၍ ဘုရားမျက်စိ(ဗုဒ္ဓစက္ခု) ဖြင့် လောကကို ကြည့်တော်မူ၏။ မြတ်စွာဘုရားသည် ဘုရားမျက်စိ (ဗုဒ္ဓစက္ခု)ဖြင့် လောကကို ကြည့်တော် မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်း ပါးကုန်သော (ပညာ)မျက်စိ၌ (ကိလေသာ) မြူ များ ပြားကုန်သော ရင့်သောဣန္ဒြေရှိကုန်သော နုသောဣန္ဒြေ ရှိကုန်သော ကောင်းသော အခြင်းအရာ ရှိကုန်သော မကောင်းသော အခြင်းအရာ ရှိကုန်သော သိစေလွယ် ကုန်သော သိစေခဲ ကုန်သော တမလွန် လောကနှင့် တမလွန်လောကသို့ ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ် ဟူသော အပြစ်တို့ကို ဘေးဟု ရှုလျက်နေလေ့ ရှိကုန်သော တမလွန် လောကနှင့် တမလွန် လောကသို့ ရောက်စေတတ်သော ကိလေသဝဋ် ကမ္မဝဋ် ဟူသော အပြစ်တို့ကို ဘေးဟု ရှုလျက် နေလေ့ မရှိကုန်သော သတ္တဝါ အချို့တို့ကို မြင်တော်မူ၏။

၁။ သတ္တဝါတို့၏ ဣန္ဒြေ အနု အရင့်ကို သိသော ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်။

၂။ သတ္တဝါတို့၏ စိတ်ဓာတ် ကိမ်းဝပ်ရာ အာသယ နှင့် ဤဉာဏ်နှစ်ပါးကို (ဗုဒ္ဓစက္ခု)ဟုခေါ်သည်၊

အခြား ပါဠိတော် များ၌ ....... ဒွါကာရေ ဒုဝိညာ ပယေ အပ္ပေကစ္စေ ပရလောက ဝဇ္ဇဘယ ဒဿာဝိနော ဝိဟရန္တေ ပုဒ်များမပါ။

ဥပမာသော်ကား—ဥပ္ပလကြာတောအိုင်း,ပဒုမာကြာတောအိုင်း,ပုဏ္ဍရိက်ကြာတောအိုင်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာ တို့သည် ရေ၌ပေါက်ကုန်၏။ ရေ၌ ကြီးပွားကုန်၏။ ရေမှ မပေါ်ထွက် သေးကုန်။ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏။ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏။ ရေ၌ကြီးပွါးကုန်၏။ ရေနှင့်အညီ တည်ကုန်၏။ အချို့သော ဥပ္ပလကြာပဒုမာကြာပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏။ ရေ၌ ကြီးပွါးကုန်၏။ ရေပေါ်သို့ တက်၍ တည်ကုန်၏။ ရေနှင့် မလိမ်းကပ်ကုန်။ ဤအတူသာလျှင် မြတ်စွာဘုရားသည် ဘုရားမျက်စိ (ဗုဒ္ဓစက္ခု) ဖြင့်လောကကိုကြည့်တော်မူလတ်သော်(ပညာ)မျက်စိ၌ (ကိလေသာ) မြူ နည်းပါး ကုန်သော (ပညာ) မျက်စိ၌ (ကိလေသာ)မြူ များပြား ကုန်သော ရင့်သော ဣန္ဒြေရှိကုန်သော နုသောဣန္ဒြေ ရှိကုန်သော ကောင်းသော အခြင်းအရာ ရှိကုန်သော မကောင်းသော အခြင်းအရာ ရှိကုန်သော သိစေ လွယ်ကုန်သော သိစေ ခဲကုန်သော တမလွန် လောကနှင့် တမလွန် လောကသို့ ရောက်စေတတ်သော ကိလေသဝဋ်ကမ္မဝဋ် ဟူသော အပြစ်တို့ကို ဘေးဟု ရှုလေ့ရှိကုန်သော တမလွန် လောကနှင့်



တမလွန်လောကသို့ ရောက်စေတတ်သောကိလေသဝဋ် ကမ္မဝဋ် ဟူသော အပြစ်တို့ကို ဘေးဟုမရှုဘဲ နေလေ့ရှိကုန်သော သတ္တဝါတို့ကို မြင်တော်မူ၏။

မြင်တော် မူ၍ သဟံပတိ ဗြဟ္မာအား ဂါထာဖြင့် မိန့်တော်မူ၏။

ဗြဟ္မာ- လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား မဟောခန် စိတ်ညွတ် ခဲ့ပေ၏။ ပညာနားနှင့် ပြည့်စုံသော သူတို့အလို့ငှါ နိဗ္ဗာန် တံခါးကို (ငါ)ဖွင့်ထားပြီ ယုံကြည် ခြင်းသဒ္ဓါတရားကို စေလွှတ်ကြကုန်လော့-ဟု မိန့်တော်မူ၏။

ထိုအခါ သဟံပတိ ဗြဟ္မာသည် တရား ဟောရန် မြတ်စွာဘုရား ခွင့်ပြုတော် မူလိုက်ပြီ ဟု သိသဖြင့် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေ ပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

ဗြဟ္မယာစနကထာပြီး၏။

---

**အချက်လေးချက်—**

ဤဗြဟ္မာ တောင်းပန်ခန်း၌ အောက်ပါ အချက်လေးချက်တို့ကို တွေ့ရှိရပါသည်။

၁။ ထိုတရား ဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်(ငါ) ညှဉ်းဆဲရုံသာ ဖြစ်ရာ၏။

ဗုဒ္ဓါသယ ၁၁၉—၂

၂။ မြတ်စွာ ဘုရား စိတ်နှလုံး တော်သည် တရား ဟောရန် ညွတ်တော်မမူဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏။

၃။ သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏။

၄။ ဗြဟ္မာ-လေ့လာပြီးသော ဘုရားမြတ်ကို ပင်ပန်း ရုံရှိမည်ထင်၍ လူတို့အား မဟောဘဲ နေရန် စိတ်ညွတ်ခဲ့ပေ၏- ဟူသည်တို့ပင်တည်း။

ထို အချက် လေးချက်နှင့် ပတ်သက်၍ စဉ်းစား ဘွယ်ရာ အဖြာဖြာတို့ကို အောက်ပါ အတိုင်း တင်ပြ လျှောက်ထားလိုပါသည် ဘုရား။

၁။ ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏, ငါ့ကိုယ် (ငါ) ညှဉ်းဆဲရုံသာဖြစ်ရာ၏- ဟူသော စကားရပ်ကို လက်ခံ အတည် ပြုပါလျှင်....

(က) လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက် ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက် နိယတဗျာဒိတ် ခံယူရန် ကြံစည် စဉ်ကပင်-မုတ္တောဟံမောစေယျာမိ=သံသရာ ဝဋ်မှ (ငါ) ကျွတ်လွတ်သည်ရှိသော် သတ္တဝါအပေါင်း ကိုလည်း ကျွတ်လွတ်စေမည်။

တိဏ္ဏောဟံတာရေယျာမိ=သံသရာ ဝဲသြဃမှ (ငါ) ကူးမြောက်သည် ရှိသော် သတ္တဝါ အပေါင်းကိုလည်း ကူးမြောက် စေမည်။



ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ သန္တာရေဿံ သဒေဝကံ။

အား အစွမ်း သတ္တိ ဗျတ္တိ ဗလကို မြင်ပြီးသော ယောကျ်ားမြတ် ဖြစ်ပါလျက် တယောက် အထီးတည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း။ သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်မှသာလျှင် နတ်နှင့် တကွသော လူအပေါင်းကို ထုတ်ဆယ် ကယ်တင်ပေ တော့အံ့။

ဤသို့ ရဲရင့်စွာ ကြုံးဝါးတော် မူခဲ့သော ဗုဒ္ဓဝံသ ပါဠိတော်လာ စကား ရပ်တို့သည် ယုံတမ်း စကား မျှသာလျှင် ဖြစ်ချေရာ၏။

(ခ) ပင်ပန်းဆင်းရဲခြင်း၏အကြောင်းရင်း ဖြစ်သော ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏။ လ။ ငါသည်လည်း တရားကို ဟောငြားအံ့, သူတပါးတို့ သည်လည်း ငါ၏တရားကို မသိနားမလည်ကုန်ငြားအံ့-ဟူသောစကားရပ်တို့သည်-

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ, အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ, ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ= ဘုန်းတော်ခြောက်ပုံ ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံ တော် မူသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော် သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော တရားအရု

အာရုံအတို့၌ ပိတ်ပင်ဆီးတားခြင်း ရှိတော်မမူ-ဟူသော အာဝေဏိက ဂုဏ်တော်များကို ချီးဖေါက်လျက်ရှိနေပါသည်။

## သံသယတွေ

(ဂ) ထိုပြင်-သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ, သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ, သဗ္ဗံမနော ကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ=ဘုန်းတော်ခြောက်ပါး ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အလုံးစုံသော ကာယကံ, အလုံးစုံသော ဝစီကံ, အလုံးစုံသော မနောကံတို့သည် ဉာဏ်သာလျှင် ရှေ့သွား ရှိတော် မူပေ၏-ဉာဏ်သို့သာလျှင် အစဉ်လိုက်၍ ဖြစ်တော် မူပေ၏-ဟူသော အာဝေဏိက ဂုဏ်တော်တို့မှာလည်း အဓိပ္ပါယ်မရှိတော့ချေ။ (အကြောင်းမှုကား) ကွတ်သိုက်သော ဝေနေယျ သတ္တဝါတွေကို မမြင်ရာ ကျသောကြောင့် ပါတည်း။

(ဃ) သတ္တဝါတို့၏ ဣန္ဒြေ အနု အရင့်ကို သိသော ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော်, သတ္တဝါတို့၏ အလိုဆန္ဒအစ္ဈာသယကို သိသော အာသယာ နုသယ ဉာဏ်တော်, အကြွင်းမရှိ အလုံးစုံကို သိသော သဗ္ဗညုတ ဉာဏ်တော်, ပိတ်ပင် ဆီးတားခြင်း မရှိ သိသော အနာဝရဏ ဉာဏ်တော်, ဤလေးပါးသော ဉာဏ်တော်တို့



မှာလည်း မြတ်စွာဘုရား၌ ထိုအချိန် အခါက ကွယ်ပျောက် နေဘိသကဲ့သို့ ရှိနေပါသည် ဘုရား။

၂။ မြတ်စွာဘုရားစိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူဘဲ-ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏- ဟူသော ဤစကားရပ်ကို လက်ခံ အတည်ပြုပါလျှင်......

(က) သတ္တဝါတို့အား သံသရာဝဋ်မှ ထုတ်ဆောင်ကယ်တင်တော်မူရန် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လာတော်မူသော မြတ်စွာဘုရားအား—

အလိုဆန္ဒတော်၏ ယုတ်လျော့ခြင်း မရှိသော (နတ္ထိဆန္ဒဿဟာနိ) ဂုဏ်တော်၊

တရားဟောတော်မူခြင်း၏ ယုတ်လျော့ခြင်းမရှိသော (နတ္ထိဓမ္မဒေသနာယဟာနိ) ဂုဏ်တော်

လုံ့လ ဝီရိယ ယုတ်လျော့ခြင်း မရှိသော (နတ္ထိဝီရိယဿဟာနိ) ဂုဏ်တော်

ဤ အာဝေဏိက ဂုဏ်တော် သုံးပါး တို့လည်း ထိုအချိန် ထိုအခါက ကွယ်ပျောက် နေဟန်ရှိပါသည်။

(ခ) သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့သနားတော်မူတတ်သော မြတ်စွာဘုရားအား မဟာကရုဏာ သမာပတ္တိ ဉာဏ်တော်နှင့်လည်း ထိုအချိန် ထိုအခါက ကင်းကွာ နေသလိုဖြစ်နေပါသည်။

(ဂ) ကြောင့်ကြမဲ့ နေတော် မူလိုခြင်း၏ အကြောင်းရင်းကို ကြည့်သောအခါ ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် ရထားသော တရားကိုယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ။ ရာဂ,ဒေါသ လွှမ်းမိုးနေသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ။

အဝိဇ္ဇာ မှောင်ထုဖြင့် ဖုံးလွှမ်းလျက် ရာဂဖြင့် တပ်ငြိနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အကျော့မြှူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်ကြမည် မဟုတ်ချေ-ဟူသောအကြံတော်ကိုတွေ့ရပါသည် ဤစိတ်အကြံတော်ကိုလက်ခံ အတည်ပြုပါလျှင် ယခင် ပြဆိုခဲ့ပြီးသော-

ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော်
သဗ္ဗညုတ ဉာဏ်တော်
အနာဝရဏ ဉာဏ်တော်

တို့မှာ သုံးဝ အဓိပ္ပါယ် မရှိတော့ပါ။(အကြောင်းမှာ) ကျွတ်တမ်း ဝင်ရောက် ကြသော ဝေနေယျ သတ္တဝါတွေ အထင်အရှား ရှိနေသောကြောင့်ပင် ဖြစ်ပါသည်ဘုရား။

၃။ သုံးကြိမ်တိုင်အောင် ဗြဟ္မာတောင်းပန် ရခြင်း၌ (က) ဗြဟ္မာကို ဘုရားပြုလုပ်ပြီး ကိုးကွယ် နေသော ခေတ်ကာလဖြစ်၍ ဗြဟ္မာကိုယ်တိုင်လာရောက် တောင်းပန်အောင် ပရိယာယ် ဆင်တော်မူသည် ဟူ၍ အဖြေပေး ကြသည်ကိုလည်း တပည့်တော်တွေ့ရှိရပါသည်။ဤကိစ္စ



နှင့်ပတ်သက်၍ အနည်းငယ် ရှင်းပြလိုပါသည်။စကား ခြောက်ခွန်းရှိရာ၌ မြတ်စွာဘုရားတို့မည်သည်—

(၁) မှန်လည်း မှန်ရမည်, သူတဘက် သားလည်း နာလိုရမည်,အကျိုးလည်း ရှိရမည်

(၂) မှန်လည်း မှန်ရမည်, သူတဘက်သား မနာလို သော်လည်း အကျိုးရှိရမည်........

ဟူသော စကားနှစ်ခွန်းကိုသာ မိန့်ကြားတော်မူလေ့ ရှိပါသည်။အကြင်စကားတခွန်းသည် မည်မျှပင်တဘက် သားနာလို၍ မည်မျှပင် အကျိုး ရှိမည် ဖြစ်သော်လည်း ၎င်းစကားသည် မှန်ကန်သော စကား မဟုတ်လျှင် မြတ်စွာဘုရားတို့ မည်သည် အဘယ်အခါမျှ ပြောရိုး ထုံးတမ်း စဉ်လာ မရှိခဲ့ပါ။

လေးဆဲ့ ငါးဝါ ပတ်လုံး ပဉ္စဝဂ္ဂီ ငါးဦးမှ အစပြု၍ သုဘဒ်အဆုံးရှိသော ကျွတ်တမ်းဝင်ကြသည့်မရေတွက် နိုင်အောင် များစွာသော သတ္တဝါ အပေါင်းတည်း ဟူသော အလွန်ထင်ရှားလှသည့် သာဓက ကြီးများကို ထောက်ထားခြင်း အားဖြင့် သဟံပတိ ဗြဟ္မာကြီးက လျှောက် ထားရာတွင် မြတ်စွာဘုရား သခင် ကိုယ်တော် မြတ်ကြီးက သုံးကြိမ်တိုင်တိုင် ပြန်၍ အမိန့် ရှိသည်ဟု ဖေါ် ပြထားသော စကားများမှာ အလွန် မှားယွင်းသော စကားများ ဖြစ်နေကြောင်း လယ်ပြင်တွင် ဆင်သွား သကဲ့သို့ ထင်ရှားလျက် ရှိပါသည်။

သဟံပတိ ဗြဟ္မာကြီးက တရားဟောရန်တောင်းပန်စေလို သောကြောင့် ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးသည် မမှန်သော စကားကို ပြောရန်မလိုပါ။ ဗြဟ္မာမင်းကတရားဟောရန် တောင်းပန်စေလိုသည် ဟူ၍ အလိုဆန္ဒတော် ရှိရုံမျှနှင့် ထိုဆန္ဒတော် အတိုင်းသုံးဝ ဥဿုံ အကုန်ပြီးစီး နိုင်ရာပါသည်။

(ခ) ကိလေသာ အာသဝေါတရား ကုန်ခန်းပြီးသော ပုဂ္ဂိုလ်တို့အား ဆုတ်နစ်သော စိတ်မရှိကြကုန်ဟု မြတ်စွာဘုရား ဟောတော်မူသော်လည်း ကိုယ်တော်၏ အတွက် မှာကား ဗြဟ္မာကြီးက သုံးကြိမ် တိုင်အောင် တိုက်တွန်း နှိုးဆော် နေရသောကြောင့် ကိုယ်တော်၏ သန္တာန်၌ ဆုတ်နစ်သော စိတ်ရှိနေသလို ဖြစ်ပါသည်။ ယင်းသို့ ဆုတ်နစ်သော စိတ်ရှိနေသေးလျှင် ကိလေသာ အာသဝေါတရား မကုန်ခန်း သေးဟု ဆိုဘွယ်ရာ ဖြစ်နေပါသည်။

၄။ သဟံပတိ ဗြဟ္မာအား မြတ်စွာဘုရား သခင် သုံးကြိမ်မြောက် မိန့်တော် မူသောစကား၌—ဗြဟ္မာ—လေ့ လာပြီးသော တရားမြတ်ကို ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား တရားမဟောဘဲ နေရန် စိတ်ညွတ်ခဲ့လေ၏ ဟူ၍ ဖော်ပြထားပါသည်။ ဤစကား ရပ်ကို လက်ခံ အတည် ပြုပါလျှင်......



(က) မြတ်စွာဘုရားတို့ မည်သည် လောက ဓမ္မတာ အားလျောက် သုံးကြိမ်တိုင်အောင်မိန့်ဆိုတော်မူသော်လည်း တခွန် တည်းသော စကားဖြင့်သာလျှင် အမှန်ကို ပြောလေ့ ရှိတော်မူ၍ အရင်ဟာများသည့်၊ နောက်ဟာ မှန်သည်ဟု ပြောင်းလဲခြင်း မရှိပါ။ သို့ရာတွင် ဤဗြဟ္မာတောင်းပန် ခန်းကျမှ ပဌမ ဒုတိယ အကြိမ်က တမျိုး တတိယ အကြိမ်ကျမှတဖုံ ဖြစ်နေ၍ ရှေ့စကား နောက်စကား ဆန့်ကျင်လျက်ရှိနေပါသည်။

(ခ) ထိုမိန့်ခွန်းတော်၌ပင်(ပင်ပန်းရုံရှိမည်ထင်၍)ဟူ သော စကားတော်သည် သဗ္ဗညုတ ဉာဏ်တော်ကို တိုက်ရိုက် လွှမ်းမိုး ဖိစီးထားသော စကားဖြစ်သည်မှာ အလွန်ထင်ရှားလျက် ရှိပါသည်။ သဗ္ဗညုတ ဉာဏ် တော်ရှင် မြတ်စွာဘုရား သခင်ဘို့မည်သည် "ဒီကိစ္စကို အစတုံးက ထည့်သွင်းပြီး(ငါ)မစဉ်းစားခဲ့မိဘူး။ အဲဒီလို မစဉ်းစားမိတဲ့ အတွက် ဒီလို အထင်ရောက်တယ်။ အခု တော့ ငါစဉ်းစားမိပြီ။ အရင်တုံးကလို မထင်တော့ဘူး" ဟူသော မိန့်ခွန်းတော်မျိုးကို မည်သည့် အခါမျှ ပြော မည်မဟုတ်ပါ။ ဤအတိုင်း ပြောသည်ဟု ဆိုသော်—

မှားယွင်း ချွတ်ချော် မတော်သမှု ပြုတော်မူခြင်း
မရှိသော (နတ္ထိရဝါ)ဂုဏ်တော်

ဉာဏ်တော်၏ မစေ့မစပ် လစ်လပ် ဟာဟင်း
ခြင်း မရှိသော (နတ္ထိ အမ္ဗုဠံ) ဂုဏ်တော်

သတိလွတ်လျော့ အဆောတလျင် ပြုတော်မူခြင်း
မရှိသော (နတ္ထိဝေဂါယိတတ္တံ) ဂုဏ်တော်
အကြောင်းကိစ္စ မှုခြင်းရာကိုကြုံလာဆိုက်ရောက်
မထောက်မလှမ်း ရူးစမ်းမရှိ သတိမဝင် မဆင်
ခြင်ဘဲ ပြုတော်မူခြင်း မရှိသော (နတ္ထိ အပ္ပဋိ
သင်္ခါနု ပေက္ခာ) ဂုဏ်တော်

ဤအာဝေဏိက ဂုဏ်တော် လေးပါးတို့ကို ဖျက်ဆီးရာ ကျနေပါသည်။

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအရပ်ရပ်ကို ပေါင်းစပ်ဆင်ခြင် ဝေဘန်ခဲ့သော် ဤပြဟ္မယာစန ကထာမည်သော ပြဟ္မာ တောင်းပန်ခဏ်းသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးကျူးရာ မရောက်ဘဲ ညှိုးမှိန် သေးသိမ်အောင် ပြုလုပ်ရာ ရောက်နေသည် ဟု ထင်မြင်ပါသည်။

ဤ ဆိုလတ္တံ့သော ဥပမာဖြင့် မနိုင်းကောင်းသော်လည်း ထင်ရှားအောင် ပြလိုပါသည် ဘုရား။ ခြင်္သေ့မင်းကို ချီးကျူးရာ၌ "ဒရယ် ယုန်ကြောင်၊ တွေ့တိုင်းအောင်သား၊ တောအောင်သနင်း၊ ခြင်္သေ့မင်း" ဟုချီးကျူးလိုက်ခြင်းအားဖြင့် ခြင်္သေ့မင်း၏ဂုဏ်ကို ချီးကျူးရာမရောက်တော့ဘဲ ခြင်္သေ့မင်းကိုပင် နှိမ့်ချရာ ရောက်နေပါသည်။

ထိုအတူ ပြဟ္မာကပင်လျှင် ဘုရားသခင်အား လာရောက် တောင်းပန်ရသည် ဟူသော ပြဟ္မယာစန



ကထာ၌ ဘုရားဂုဏ်တော်များနှင့် မလျော်သောစကားများကို ထည့်သွင်းလိုက်ခြင်းအားဖြင့် ဘုရားကိုချီးကျူးရာ မရောက် နှိမ့်ချရာပင် ရောက်လျက်ရှိပါသည်။

## တပည့်တော်၏ယူဆချက်

မြတ်စွာ ဘုရားသခင်သည် အဇပါလ ညောင်ပင်ရင်း၌ နေတော်မူသော အခါ ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ တရားဟောဘို့ရန် ကြံစည်တော်မူစဉ်မှာ သဟံပတိ ပြဟ္မာမင်းက မြတ်စွာဘုရားကို အားလျော့ပြီဟု အထင်မှားသဖြင့်လာရောက်၍ တောင်းပန်ပါလိမ့်မည်။ မြတ်စွာဘုရားကလည်း တရားတော်ကို မြတ်နိုးကြစေရန်အလို့ငှါ တရားတော်တန်ဘိုးရှိစေရန်အလို့ငှါ နှစ်ကြိမ်တိုင်တိုင် မပြောမဆို ဆိတ်ဆိတ် နေတော်မူပါလိမ့်မည်။ ပြဟ္မာကလည်း စကားတုံ့ပြန် မရသဖြင့် သုံးကြိမ်တိုင်အောင် တောင်းပန် လျှောက်ထားပါလိမ့်မည်။ မြတ်စွာဘုရားကလည်း သုံးကြိမ်မြောက်ကျမှ တရားဟောကြားတော် မူမည့်အကြောင်း နှုတ်ဖြင့် မိန့်မြွက်၍ ဝန်ခံတော်မူပါလိမ့်မည်။

နောက်—ကာလ ရွေ့လျော့သောအခါ သဟံပတိ ပြဟ္မာမင်း၏ အထင်မှားမှု အခြင်းအရာကိုပင် မြတ်စွာဘုရား စိတ်အကြံတော် ဖြစ်လေဟန် ရေးသားစီရင် ထည့်သွင်းထားသည်ဟု ယူဆပါသည်ဘုရား။

အထူး လျှောက်ထားလိုပါသည်မှာ—ဤဗြဟ္မယာစန ကထာ မည်သော ဗြဟ္မာတောင်းပန်ခန်းကို မဟာ ပရိနိဗ္ဗာနသုတ်လာ **မဟာပဒေသ တရားလေးပါး**နှင့် လျော်ညီစွာ အခြားသော ပါဠိတော်များနှင့် ညှိနှိုင်း ချိန်ထိုးတော်မူ၍ ယုံကြည် လိုက်နာအပ်သည့် တိကျ မှန်ကန်သော အဖြေကို ပေးတော်မူကြပါရန် ရှိသေလေး မြတ်စွာ လျှောက်ထား အပ်ပါသည်...... လဇ္ဇီပေသလ သိက္ခာကာမ တိပိဋကဓရ ပရိယတ္တိဝိသာရဒ ပဋိပတ္တိ မာမက ယုတ္တမုတ္တဝါဒီ နိကာယဏ္ဏဝပါရဒဿီ ဖြစ်တော် မူကြသော ဆဋ္ဌသင်္ဂါယနာ သံဃနာယက ဆရာတော် ဘုရားကြီးအမှူးရှိသော ဆဋ္ဌသင်္ဂီတိကာရက ဓမ္မသင်္ဂါ ဟက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

မောင်နု
ပြည်ထောင်စု
မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်။

# ဗြဟ္မယာစနကထာ ပြဿနာ အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝန်ကြီးချုပ်၏ လျှောက်ထား တောင်းပန်ချက် ဖြစ်သော ဗြဟ္မယာစနကထာ ပြဿနာ စာတွဲ မျက်နှာ နံပါတ် ၁၂ ၌ မှတ်ချက်စကားအရ မှတ်ယူသင့်သော အချက်ကား—

ဝိနည်းမဟာဝါ ပါဠိတော်၌—ဒွါကာရေ ဒုဝိညာ ပယေ အပ္ပေကစ္စေ နပရလောက ဝဇ္ဇဘယဒဿာ ဝိနေ-ဟူ ပါဌ်ရှိ၏။

မူလပဏ္ဏာသပါဠိတော် ပါသရာသိသုတ်၌ကား— ဒွါကာရေ ဒုဝိညာ ပယေ အပ္ပေကစ္စေ ပရလောကဝဇ္ဇ ဘယ ဒဿာဝိနေ-ဟူသော ပါဌ်သာလျှင် ပါ၍—အပ္ပေ ကစ္စေ နပရလောက ဝဇ္ဇဘယ ဒဿာဝိနေ-ဟူသော ပါဌ်ကား မပါမရှိလေ။ ။သို့ရာတွင် ၎င်းပါသရာသိ သုတ်ပါဠိ၏ အဖွင့် အဋ္ဌကထာ၌ မူကား "ဒုပ္ပညော ပုဂ္ဂလော နပရလောက ဝဇ္ဇဘယ ဒဿာဝီ" ဟူ၍ ဖွင့်ပြ ထားသည်ကို တွေ့မြင်ရသဖြင့် ပါဠိ၌ ၎င်းပါဌ် ကျနေ ကြောင်းသိအပ်၏။

ထို ဝိနည်းမဟာဝါနှင့် မူလပဏ္ဏာသပါဠိ နှစ်ရပ်မှ တပါးသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဉာဏကထာ၌လည်း—ဒွါကာရေ-ပ-ဒုဝိညာပယေ အပ္ပေကစ္စေ ပရလောက ဝဇ္ဇဘယ ဒဿာဝိနေ၊ အပ္ပေကစ္စေ နပရလောက ဝဇ္ဇဘယ ဒဿာဝိနေ-ဟူ၍ပင် ပါရှိနေသဖြင့် ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ နပရလောကဝဇ္ဇဘယဒဿာဝိနေ-ပါသော ပါဌ်ရှိသည်သာလျှင် ဗုံလင်သောပါဌ်တို့တည်း—ဟု မှတ်ယူသင့်၏။

## ပါဠိနှစ်ရပ်ခြားနားပုံ

ဝိနည်းမဟာဝါ ပါဠိနှင့် မူလပဏ္ဏာသ ပါသရာသိ သုတ်ပါဠိနှစ်ခုတို့၏ ဤဗြဟ္မယာစန အခန်း၌ ခြားနားပုံကား—

မူလပဏ္ဏာသ ပါသရာသိ သုတ်ပါဠိ၌ကား-အရိယာတို့၏ ရှာမှီးခြင်း ပုထုဇဉ်တို့၏ ရှာမှီးခြင်း တရားနှစ်ပါးကိုခွဲခြား၍ ဟောတော်မူရာအဆုံး၌ ချစ်သားတို့-ငါဘုရား သည်လည်း မိမိသည် ပဋိသန္ဓေနေရခြင်းသဘော, အိုရခြင်းသဘော, နာရခြင်းသဘော, သေရခြင်းသဘော, စိုးရိမ်ရခြင်းသဘော, ပူပန်ညစ်နွမ်းခြင်းသဘော ရှိသူဖြစ်လျက် ထိုဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, သံကိလေသတို့၏ အပြစ်ကိုသိမြင်၍ ဇာတိမရှိရာ, ဇရာမရှိရာ, ဗျာဓိမရှိရာ, မရဏမရှိရာ, စိုးရိမ်ခြင်းမရှိရာ, ပူပန်ညစ်နွမ်းခြင်း မရှိရာဖြစ်သောနိဗ္ဗာန်ကို



ရှာမှီးသည်ရှိသော် မိမိထက် လွန်မြတ်သော တရားမရှိသော ယောဂတရားတို့၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိလေ၏။

ငါ၏ ဝိမုတ္တိသည် ကိလေသာတို့ကြောင့် မပျက်စီးတော့ပြီ။ ဤသည်လျှင် နောက်ဆုံးဖြစ်သောဘဝတည်း။ နောင်တဖန် ပဋိသန္ဓေ မနေရတော့အံ့ ဟူသောဉာဏ်သည် ငါဘုရားအား ထင်ရှားဖြစ်ပေါ်၍လာ၏။

ထို့နောက်မှ—တဿ မယှံ ဘိက္ခဝေ ဧတ ဒဟောသိ အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော-စသည်ဖြင့် အကြံအစည် ဝိတက် ဖြစ်တော်မူကြောင်း ဟောပြတော်မူသော အရာတို့ပါလာ၏။

ဤဝိနည်းမဟာဝါ ပါဠိတော်၌ကား—ဘုရားအဖြစ်သို့ရောက်တော်မူပြီးလျှင် ဗောဓိပင်ရင်း၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလောမ, ပဋိလောမ, အပြန်အလှန်အားဖြင့် ဆင်ခြင်တော်မူလျက်တသတ္တာဟ(၇)ရက်ရပြီးနောက် အနိမိသကုန်း၌ တသတ္တာဟ, စင်္ကြံတော်၌ တသတ္တာဟ, ရတနဃရ၌ တသတ္တာဟ။ ဤရတနဃရ၌ အဘိဓမ္မာ တရားတော် မြတ်ကို ဆင်ခြင် သုံးသပ်တော်မူသည်။ ထို့နောက် အဇပါလ နိဂြောဓရုက္ခ၌ တသတ္တာဟ, မုစလိန္ဒ၌ တသတ္တာဟ, ရာဇာယတန၌ တသတ္တာဟ အားဖြင့် ပေါင်း ခုနစ်သတ္တာဟတို့ကို ကျော်လွန်ပြီးနောက် ရှစ်သတ္တာဟ မြောက်၌ တဖန် အဇပါလနိဂြောဓရုက္ခသို့ ပြန်တော်မူပြီးလျှင် ဆင်ခြင်

တော်မူရာ၌ တရားတော်၏နက်နဲခြင်းကို မြင်တော်မူပြန်သည်ဖြစ်၍—အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော- စသည်ဖြင့် တရားမဟောရန် အကြံအစည် ဝိတက်ဖြစ်ကြောင်းဖြင့် ဟောပြတော်မူသော အရာတို့ ပါလာ၏။

## ပါဠိနှစ်ခြင် မဆန့်ကျင်

အာသက် မူလပဏ္ဏာသ ပါဠိ ပါသရာသိသုတ်၌ကား- အရိယာတို့၏ ရှာမှီးခြင်းဖြင့် အားထုတ်တော်မူရာ နိဗ္ဗာန် တရားကို မျက်မှောက် ပြုကြောင်း ရရှိကြောင်း ကိုသာ အရင်းမူ၍ ဟောပြတော် မူသဖြင့် သတ္တာဟ အစည် အဘိုင်း နေတော်မူပုံကို မဆိုတော့ပြီ။

ဤဝိနည်း မဟာဝါ ပါဠိတော် ၌ကား—သတ္တာဟ အစည် နေတော် မူပုံကိုပါ ဟောပြတော် မူကြောင်းဖြင့် လာ၏။ ထို့ကြောင့် ထိုပါဠိနှစ်ရပ်တို့သည် ဆန့်ကျင်ခြင်း မရှိတော့လေကုန်။

## ရှစ်သတ္တာဟတွင် ဝိတက်ဝင်

ထို့နောက်မှ ဤသို့ ဝိတက် ဖြစ်တော် မူခြင်းသည် ဘုရားဖြစ်တော်မူပြီး နောက် ရှစ်သတ္တာဟ မြောက်၌ ဖြစ်၏။ ထို့ကြောင့်—ဘုရား ဖြစ်တော်မူစ သတ္တာဟမှစ၍ ခုနစ် သတ္တာဟအတွင်း၌ ဒသဗလဉာဏ်, ဝေသာ ရဇ္ဇဉာဏ်, မဟာကရုဏာ သမာပတ္တိဉာဏ် အစရှိသော အလုံးရုံသော ဘုရားတို့၏ ဂုဏ်တော် အပေါင်းတို့ဖြင့်



တန့်ဆာဆင် အပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ပါ မကျန် ဟုတ်မှန်တိုင်း သိသင့်သိထိုက် သမျှသော အလုံးရုံသော တရားတို့ကို အပိတ်အပင် အဆီးအတားမရှိဘဲ သိမြင်ခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဉေယျဓမ်တရားတို့ကို ပိုင်းခြား သိမြင်တော် မူလေပြီးသော မြတ်စွာဘုရားတို့၏ ထိုပြဆို ခဲ့ပြီးသော- အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော- စသည့် ဝိတက် ဖြစ်ကြောင်း တရားတော်ကို ဆင်ခြင် သော ပစ္စဝေက္ခဏာဉာဏ်တော်သည် ဗောဓိပင်နှင့် ပလ္လင်မြတ်၌ နေတော်မူစဉ် ကပင် ဖြစ်တော်မူ၏။ အထူး ဝိသေသ အားဖြင့် စတုတ္ထ သတ္တာဟ ရတနာဃရ၌ အဘိဓမ္မာ တရားကို ဆင်ခြင်တော် မူသော ပစ္စဝေက္ခဏာ ဉာဏ် သည် ဖြစ်တော်မူ၏။

သဗ္ဗညုတဉာဏ် တည်းဟူသော ဒေသနာ ဉာဏ် သည်ကား—ဓမ္မစကြာတရား စသည်တို့ကို ဟောတော် မူသော အခါ၌ ဖြစ်တော်မူ၏။ အထူးဝိသေသ အားဖြင့် ကား—တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက် ဖျာထက်၌ သိတင်းသုံးတော် မူစဉ် ဖြစ်တော်မူ၏။

---

မှတ်ချက်။ ။အရဟတ္တ မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် ဒေသနာ ဉာဏ်တော်နှစ်ပါးတို့ကို မိမိ၏သန္တာန်နှင့်သူတပါးတို့၏ သန္တာန် အစဉ် တို့၌ပါရှိလျက် နေကုန်သော ကိလေသာ တည်းဟူသော ရန်သူ အပေါင်း တို့ကို ကောင်းစွာ ပယ်သတ်ကြောင်း ဖြစ်သောကြောင့် ဓမ္မစကြာဟူ၍ လည်း, ဗြဟ္မစကြာဟူ၍လည်း ခေါ်၏ (အဘယ်သို့နည်းဟူမူ) လောက၌

ဇာဋ္ဌာသယ-၁၁၉-၃

ယခုပြဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး တရားတော်, ပဋိစ္စသမုပ္ပါဒ် တရားတော်, အဘိဓမ္မာ တရားတော်မြတ်တို့ကို သုံးသပ်ဆင်ခြင်တော်မူသော ပစ္စဝေက္ခနာ ဉာဏ်တော်၏ အာနုဘော် အစွမ်း သတ္တိကြောင့်—အဓိဂတော ခေါမျာယံဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော စသည့် ထိုဝိတက် ဖြစ်ပေါ်လာ၏။

## မူလ ပဏ္ဏာသဋ္ဌ-ဖွင့်ပြထားပုံ

ဆင်ခြင်ပုံ ဝိတက်ဖြစ်ပုံကို မူလပဏ္ဏာသ ပါသရာသိသုတ်၏အဘွင့်ဖြစ်သော အဋ္ဌကထာ၌ ဤသို့ဖွင့်ပြထား၏။

ဤ သတ္တဝါတို့သည် ပဒုံးရည်ဖြင့် ပြည့်သော ဘူးတောင်းကဲ့သို့၎င်း, ရက်တက်ရည်ဖြင့် ပြည့်၍ နေသော အိုးစရည်းကြီး ကဲ့သို့၎င်း, ဆီကြွည်ကို စုတ်ယူ၍ ထားသောပုဆိုးပိုင်း ကဲ့သို့၎င်း, မျက်စဉ်းညိုဆေးဖြင့် လိမ်းကျံမဲညစ်၍ နေသော လက်ကဲ့သို့၎င်း, ကိလေသာ တည်းသောဟူ အလွန်မဲညစ်သော ဝန်ကို ဆောင်ကြကုန်လျက် ရှိနေကုန်၏။

ရာဂဖြင့် တပ်မက်ကြကုန်သော,ဒေါသဖြင့် ဖျက်ဆီးအပ်သောစိတ်ရှိကြကုန်သော, မောဟဖြင့် တွေဝေသော စိတ် ရှိကြကုန်သော ထိုသတ္တဝါ အပေါင်း တို့သည် အဘယ်သို့လျှင် ဤတရားကို ထိုးထွင်းသိမြင် နိုင်ကြကုန်အံ့နည်း။ ဤသို့ ကြံစည်တော် မူသော မြတ်စွာဘုရား၏ စိတ်တော်သည် ကိလေသာ တည်းဟူသော ချုံအုပ် အပေါင်းကို ဆင်ခြင်တော် မူသော ပစ္စဝေက္ခနာ ဉာဏ်တော်၏ အစွမ်းဖြင့်လည်း ဤသို့ တရားမဟောရန် ညွတ်သွားတော်မူ၏။

ဤတရားတော် မြတ်သည် နှစ်သိန်း လေးသောင်း ယူဇနာအထုရှိသော မြေ၏ အောက်၌ခံသော လေးသိန်းနှင့် ရှစ်သောင်းယူဇနာ အထုရှိသော ရေ အစုကြီးကဲ့သို့ နက်နဲလှပေ၏။ တောင်ဖြင့် ဖုံးလွှမ်း ဖိအုပ်၍ ထားအပ်သော မုန်ညင်းစေ့ကလေးကဲ့သို့ မြင်ခြင်းငှါ ခဲယဉ်း၏။ ခုနစ်စိတ် ခုနစ်ဖြာ ခွဲစိတ်၍ ထားအပ်သော သားမြီးစွန်း အဖျားကဲ့သို့ သိမ်မွေ့ နူးညံ့လှ၏။ ဤတရားတော် မြတ်ကို ထိုးထွင်း သိမြင်ခြင်းငှါ အားထုတ်တော် မူခဲ့သော ငါဘုရား အလောင်းတော်သည် မပေးလှူခဲ့ဘူးသော ဒါနမည်သည်မရှိ။ မစောင့်သုံး ခဲ့ဘူးသော သီလမည်သည် မရှိ၊ မဖြည့်ဆည်းခဲ့ဘူးသော တစုံတခုသော ပါရမီမည်

---

လက်နက် စကြာသည် မိမိ၏ ရန်သူ အပေါင်းတို့ကို ကောင်းစွာ ဖျက်ဆီးသတ်ဖြတ်နိုင်သကဲ့သို့ ဤအရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်နှစ်ပါးတို့သည်လည်း ကိလေသာ တည်းဟူသော ရန်သူ အပေါင်း တို့ကို ကောင်းစွာဖျက်ဆီးသတ်ဖြတ်နိုင်လေသည်။ ထို့ကြောင့် ၎င်းနှစ်ပါးတို့ကို ''ဓမ္မစက္က=ဓမ္မစကြာ'' ဟုခေါ်ဆိုအပ်၏။ ''အလာတစက္က=မီးကွင်းစက် ရထစက္က=ရထားလှည်းဘီးစက်'' တို့ ကဲ့သို့ ဘဝ သံသရာ အဆက်ဆက်တို့၌ စုတိ ပဋိသန္ဓေအားဖြင့် ကျင်လည် ဖြစ်ပျက်နေသော ဘဝစက်, သံသရာစက် ခိုင်းမျိုးကို ဓမ္မစကြာဟု မခေါ်ဆိုအပ်ကုန်- ဤသို့သိမှတ်ကုန်ရာ၏။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာမှာ ကြည့်လေ)။

သည်မရှိ။ အားထုတ်ခြင်း မရှိသကဲ့သို့(ဤ၌လည်း အဖပ္ပါ သုတ္တနိရှုဿဘပါဌ်ကို ပြ၏)မာရ်စစ်သည် အပေါင်းကို ကောင်းစွာ အောင်မြင် နိုင်နင်းခဲ့သော ငါ့အား ပထဝီ မြေကြီးသည် မတုန် လှုပ်ခဲ့လေ။ ညည့်ဦးယံ၌ ရှေးရှေး ဘဝတို့၌ ဖြစ်ခဲ့ နေခဲ့ဘူးသော ဘဝအစဉ်တို့ကို ဆင်ခြင် အောက်မေ့သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် အခိုက်၌ လည်း မြေကြီးသည် မတုန်လှုပ်ခဲ့။ သန်းခေါင်ယံ၌ ဒိဗ္ဗ စက္ခု ဉာဏ်ကို သုတ်သင်သော အခိုက်၌လည်း ငါ့အား ပထဝီ မြေကြီးသည် မတုန် လှုပ်ခဲ့။ မိုးသောက် ယံ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ထိုးထွင်း သိမြင်သော အခိုက်၌ သာလျှင် ငါ့အား တသောင်းသော လောက ဓာတ်သည် တုန်လှုပ်ခဲ့ပြီ မဟုတ်လော။

ဤသို့ ထက်မြက်သော ဉာဏ်ရှိသော ငါကဲ့သို့သော သူသည်လည်း ဆင်းရဲ ငြိုငြင်သဖြင့် ဤတရား တော်ကို ထိုးထွင်း သိမြင်ရပေ၏။ ထိုမှုလောက် နက်နဲသိမ်မွေ့ နူးညံ့ခြင်း ရှိသော တရားကို လောက၌ရှိသော သတ္တဝါ အပေါင်းသည် အဘယ်သို့ ထိုးထွင်းသိမြင်နိုင်ပါအံ့နည်း။ ဤသို့ တရားတော်၏ နက်နဲသောအဖြစ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏အာနုဘော်၏ အစွမ်းအားဖြင့်လည်း ဆိုအပ်ခဲ့ ပြီးသော- အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော-စသော အကြံ ဝိတက် ရှိသော စိတ်သည် ညွတ်၍ လာ၏။ ဤသို့ သိအပ်၏ဟု ဖွင့်ပြ ထား၏။ ထို့နောက်-၎င်း အဋ္ဌကထာ၌ပင်......



အဓိစ ဗြဟ္မယာစိတော ဒေသေတု ကာမတာယ ဝိဿ ဇေဝံ ဝိတ္တံ နမိ။ ဓာနာတိ ဟိ ဘဂဝါ မမ အပ္ပေါ သုက္ကတာယ စိတ္တေ နမမာနေ မဟာဗြဟ္မာ ဓမ္မဒေ သနံ ယာစိဿတိတိ။ ဣမေ စ သတ္တာ ဗြဟ္မဂရုကာ၊ တေ သတ္ထာ ကိရ ဓမ္မံ နဒေသေတုကာမော အဟော သိ၊ အထ နံ မဟာဗြဟ္မာ ယာစိတွာ ဒေသာပေသိ၊ သန္တော ဝတ ဘော ဓမ္မော ပဏီတော ဟိ မညမာနာ သုဿုသိဿန္တီတိ ဣဒံ ဝိဿ ကာရဏံ ပဋိစ္စ အပ္ပေါ သုက္ကတာယ စိတ္တံ နမိ၊ နော ဓမ္မ ဒေသနာယာတိ ဝေဒိတဗ္ဗံ။

၎င်း ပါဠိ၏ ဘာသာပြန်ကား......

ပင်စစ်သော်ကား- ဗြဟ္မာသည်တောင်းပန်လာသည် ရှိသော် ဟောတော်မူလိုသော အဖြစ်ကြောင့်လည်း ဤ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ထိုမြတ်စွာဘုရား၏ စိတ် သည် ညွတ်တော်မူ၏။ ထိုစကားသည် မှန်၏။ လုံ့လ မစိုက်သော အဖြစ်ဖြင့် ငါ၏ စိတ်သည် ညွတ်သည် ရှိသော်မဟာဗြဟ္မာသည်တရားဟောခြင်းငှါတောင်းပန် လိမ့်လတ္တံ့။ ဤသို့ မြတ်စွာဘုရားသည်သိမြင်တော်မူ၏။

ဤသတ္တဝါ တို့သည်လည်း ဗြဟ္မာကို အလေးအမြတ် ပြုကြကုန်၏။ ထိုသတ္တဝါတို့သည် "မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မမူလိုခြင်း ဖြစ်သတဲ့၊ထိုအခါ

မြတ်စွာဘုရားကို မဟာဗြဟ္မာ မင်းသည် တောင်းပန်၍ ဟောတော် မူစေ၏။ အချင်းတို့–တရားတော် မြတ်သည် မွန်မြတ် လေစွတကား၊ ငြိမ်းအေးလေစွတကား ဟူ၍ မှတ်ထင်ကြကုန်လျက် ကြားနာ ကြကုန် လိမ့်လတ္တံ့ ”။ ဤသို့သော အကြောင်းကိုလည်းစွဲ၍ ထိုမြတ်စွာဘုရား၏ စိတ်တော်သည် လုံ့လမစိုက်သော အဖြစ်ဖြင့် တရား မဟောခြင်း၌ ညွတ်တော်မူ၏....ဤသို့သိအပ်၏။

## စဥ်းစားနိုင်ဖွယ် ဥာဏ်နှစ်သွယ်

အထက်ပါ စကားရပ်တို့၌ လုံ့လ မစိုက်ခြင်း တရား မဟောရန် စိတ်ညွတ်ခြင်း ဟူသော စကားတို့ ပါလာ၍ ၎င်းစကားတို့အတွက် သံသယဖြစ်ရန်နှင့် ၎င်းသံသယ ကို ဖြေဖျောက်ရန် ရှိ၏။ ဤစကားအတိုင်း မျက်သော ရပ်တန့်စဥ်းစားလျှင် မြတ်စွာဘုရားအား ဆန္ဒတော်၏ ဆုတ်ယုတ်ခြင်း ဝိရိယတော်၏ ဆုတ်ယုတ်ခြင်း သတိ တော်၏ ဆုတ်ယုတ်ခြင်းမရှိသော တဆယ့်ရှစ်ပါးသော ဗုဒ္ဓဓမ္မ အာဝေဏိကဂုဏ် သဗ္ဗညုတ ဂုဏ်တော်တို့နှင့် ဆန့်ကျင်သကဲ့သို့ ရှိနေတော့၏။ ထို့ကြောင့် ဉာဏ်ဖြင့် သက်ဝင် စဥ်းစားနိုင်ရန် အောက်ပါ ဒသဗလဉာဏ် နှင့် သဗ္ဗညုတ ဉာဏ်တော်တို့၏ အထိ အမြင်ခြင်း ခြားနားပုံကို ရှေးဦးစွာ မှတ်သားနားလည်၍ ထားရ ဦးမည်ဖြစ်၏။



## ဒသဗလ ဉာဏ်ဆယ်ပါး

ဒသဗလဉာဏ် ဆယ်ပါးကား——

၁။ အကြောင်းဟုတ်သည် မဟုတ်သည်တို့၌ ဟုတ် မှန်တိုင်း သိမြင်တော်မူခြင်း

၂။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည် ကျင့်ကြံအပ်ကုန်သော ကံတို့၏ အကျိုးကို အကြောင်းပစ္စည်းအားဖြင့် ဟုတ်မှန် တိုင်း သိတော်မူခြင်း

၃။ အလုံးစုံသော လားရောက်ရာဂတိနှင့် အဂတိသို့ လားရောက်ကြောင်း မဂ်အကျင့်ကို ဟုတ်မှန် တိုင်းသိတော်မူခြင်း

၄။ စကြဝဠာသော အထူးထူးသောဓာတ် ခန္ဓာအစ ရှိသော အထူးထူးသောလောကကို ဟုတ်တိုင်း မှန်ရာ သိတော်မူခြင်း

၅။ ယုတ်ညံ့သော အလိုစရိုက်စသည့် နှလုံးသွင်း ရှိသော အဖြစ်ကို ဟုတ်မှန်တိုင်း သိတော် မူခြင်း

၆။ သတ္တဝါတို့၏ သဒ္ဓါ အစရှိသော ဣန္ဒြေတို့၏ ရင့်မရင့်ကို ဟုတ်တိုင်းမှန်ရာသိတော်မူခြင်း

၇။ ဈာန်-ဝိမောက္ခ-သမာဓိ-သမာပတ္တိတို့၏ ညစ် နွမ်းခြင်း,ဖြူစင်ခြင်း,သမာပတ်မှ ထခြင်းတို့ကို ဟုတ်မှန်ရာ သိတော်မူခြင်း

၈။ ရှေးရှေး၌ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို မြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ဟုတ်မှန်တိုင်း သိတော်မူခြင်း

၉။ သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေကို ဟုတ်တိုင်းမှန်ရာ သိတော်မူခြင်း

၁၀။ အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်ကို ဟုတ်မှန်တိုင်း သိတော်မူခြင်း ဟူ၍ ဆယ်ပါးတို့တည်း။

## အသိ သီးခြား ဉာဏ်ဆယ်ပါး

သမ္မောဟ ဝိနောဒနီအဋ္ဌကထာဉာဏဝိဘင်းအဖွင့်၌ကား—ဤသို့ ဖွင့်ပြထား၏။ ဒသဗလဉာဏ်ဆယ်ပါးတို့တွင် ၁-နံပါတ် ဉာဏ်တော်သည် မိမိမှတပါး ကြွင်းသော ဉာဏ် ၉-ပါးတို့၏ အရာ၌မသိ။ မိမိသိနိုင်သော ၁-နံပါတ် အာရုံ အတိုင်း ကိုသာ သိ၏။ ထို့အတူ ၂-၃-၄-၅-၆-၇-၈-၉-၁၀ နံပါတ်ပြ ဉာဏ်တို့ သည်လည်း အသီးအသီး မိမိ၏ သိရန်သင့်သော အာရုံကိစ္စကိုသာ သိမြင်၏။ မိမိ မိမိမှတပါး ကျန်သော ကျန်သော ဉာဏ် ၉-ပါး ဉာဏ် ၉-ပါးတို့၏ သိရန် ကိစ္စကိုကား ကူးပြောင်း၍ မသိလေ။



## လုံးစုံ သိမြင် သဗ္ဗညုတဉာဏ်

သဗ္ဗညုတဉာဏ်တော်သည်ကား ထိုဉာဏ်ဆယ်ပါးတို့ သိနိုင်သော အရာတိုင်းကိုလည်းသိ၏။ ထိုဉာဏ်ဆယ်ပါးတို့ သိသည်ထက် ကျော်လွန်၍လည်း သိမြင်နိုင်၏။ အဝိတ်အပင်မရှိ သိမြင်နိုင်သော **အနာဝရဏဉာဏ်** ဟူသော အမည် သည်လည်း ထို သဗ္ဗညုတဉာဏ်တော်၏ အမည်ပင်တည်း။

နောင်—သဟံပတိ ဗြဟ္မာမင်းတောင်းပန်ပြီးနောက်၌ ကြည့်ရှုတော်မူလတ္တံ့သော ဗုဒ္ဓစက္ခုခေါ်သော ၅-နံပါတ်နှင့် ၆-နံပါတ် ဉာဏ်တော် နှစ်ပါးတို့သည် ဒသဗလ ဉာဏ်ဆယ်ပါးတွင်၌ ပါဝင်၍ နေကြကုန်၏။ လွန်ခဲ့သော နှစ်သင်္ချာဟ အတွင်း၌ မဟာကရုဏာ သမာပတ်ဉာဏ်တော်ဖြင့်လည်း ကိလေသာတို့၏ ဆောင်ယူရာသို့ လိုက်ပါကျင်လည်၍ နေကြရကုန်သော အလွန်သနား ဘွယ်ကောင်းသော သတ္တဝါတို့ကို (သဗ္ဗညုတ ဉာဏ်တော်သည် သင့် သိထိုက်သမျှ ဉေယျ ဓမ္မတို့ကို ပြန့်နှံ့ သိမြင်တော် မူသကဲ့သို့) ပြန့်နှံ့သိမြင်တော် မူခဲ့၏။

ထိုသို့သိမြင်ပြီးနောက်-နောက်၌ပြ ဆိုအပ်ခဲ့ပြီးသော တရားတော်၏ နက်နဲ သိမ်မွေ့သော အခြင်းအရာကို ဆင်ခြင်သော ပစ္စဝေက္ခနာ ဉာဏ်တော်ကြောင့် သိနိုင်—မြင်နိုင်—နားလည် နိုင်ခဲသူတို့ကို အကြောင်းပြု၍ တရား

ဟောရန် အားမထုတ်လိုခြင်း, အားထုတ်ပါသော်လည်း ကိုယ်နှုတ်နှစ်ပါး ပင်ပန်းရုံမျှသာ ရှိမည်ဖြစ်ခြင်းတို့ ကိုယ်တော်၏ စိတ်၌ဖြစ်ပေါ်ပြီးနောက် ဤသို့ ဆင်ခြင် သိမြင်တော်မူပြန်၏။

**သိမြင်တော်မူပုံ**

ဤပဋိစ္စသမုပ္ပါဒ်တရား, သစ္စာလေးပါးတရား, အဘိဓမ္မာ တရားတော်တို့ကို ဟောကြား၍ နာသူ ရသဖြင့် တရားထူးကို ရမည့်သူကား နည်းပါး၍ ကြွင်းကျန်မည့် သတ္တဝါတို့သာ များပြား ရှာလိမ့်မည် ဖြစ်ကြောင်း, ၎င်းကဲ့သို့ ကျွတ်လွတ်ခွင့်ရမည့်သူ အနည်းအပါးတို့တွင်လည်း တရားကို အလေးမပြု ဂရုမစိုက်ဘဲ ကြားနာပြန်က ရထိုက်သည့် မဂ်ဖိုလ်တို့၏ ဥပနိဿယရှိပါလျက် ပျက်ကွက်ဆုံးရှုံးရသည့် မဟာဓန သူဌေးသား ကဲ့သို့ လျော့ပါးဆုတ်ယုတ်ခြင်းသို့ ရောက်နိုင် ကြသူတို့လည်း ရှိကောင်းရှိသင့်ရှိထိုက်ကြောင်းကို ကောင်းစွာမြင်တော်မူပြန်၏။ ထို့နောက်မှ-ယခုအခါသတ္တဝါ အပေါင်းတို့သည် ဗြဟ္မာကို အလေးအမြတ်ပြု၍ ယုံကြည် အားထားသူများကြကုန်၏။ သဟံပတိ ဗြဟ္မာသည် ယခုအခါ၌ (ငါ)ဘုရား၏ စိတ်အကြံကို မဆင်ခြင် မကြည့်ရှုသေး၊ ရှစ်သတ္တာဟ မြောက်၌ အဇပါလ နိဂြောဓ သစ်ပင်ရင်းသို့ တဖန်ပြန်ရောက်မှ ထပ်မံဆင်ခြင်ခိုက်၌ငါ၏စိတ်ဝိတက်ကို သဟံပတိဗြဟ္မာသည် ဆင်ခြင်ကြည့်ရှုလတ္တံ့.



ထိုအခါ၌ တသောင်းသော စကြဝဠာတိုက်တို့၌နေကုန်သော ဗြဟ္မာအပေါင်းတို့နှင့် အတူတကွ လာရောက်တောင်းပန်လိမ့်လတ္တံ့။ ထိုအခါ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ငါတို့၏ကိုးကွယ်အားထားရာ ဗြဟ္မာမင်းသည်ပင် သုံးကြိမ်တိုင်တိုင် တောင်းပန်မှ အခွင့်ရသော တရားတော် ဖြစ်ပေသည်——ဟု ယုံကြည် လေးစား၍ တရား၌ ဂရုထားကြကုန်လတ္တံ့။ ဤသို့ ယုံကြည်လေးစား ဂရုထားကြကုန်သော်—ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်တို့၌ကား ဆိုဖွယ်မရှိ၊ ရေပေါ်၌ မြင့်တက်၍ နေ အရှိန်ကို မျှော်လင့်စောင့်ဆိုင်း၍ နေသော ကြာကဲ့သို့ အကျဉ်း မာတိကာမျှကို ဟောပြသဖြင့် တရားထူးကို ရနိုင်ရာ၏၊

အကျယ် ဝိတ္ထာရအားဖြင့် ဝေဘန် ဟောပြသော်သာလျှင် ကျွတ်လွတ်ခွင့်နှင့် ယှဉ်သော သတ္တဝါတို့သည်လည်း ခဲခဲယဉ်းယဉ်း တောင်းပန်ရသော တရားပေတကား–ဟု အာရုံပြု၍ မှတ်သားသဖြင့် တရား၏ အဆုံး၌ပင် ဒုတိယ ကြာပင်ကဲ့သို့ ကျွတ်လွတ်ခွင့် ရနိုင်ရာ၏၊ ထိုနည်းအတူ အားထုတ်မှု မလျော့ပါး သဖြင့် နေယျ ပုဂ္ဂိုလ်များလည်း အသီးသီး ကျွတ်လွတ်ခွင့် ရကုန်ရာ၏။

ဟောသော တရားပုဒ်ကို ကြားနာရခြင်း ပင်လျှင်—ဥပနိဿယ အကြောင်းရင်း ယှဉ်၍ ယခု ဘဝ၌ပင် အားထုတ်သော်လည်း ကျွတ်လွတ်ခွင့် မရနိုင်သေးသော

ပဒပရမ ပုဂ္ဂိုလ်များသည် နောက်နောင် နှစ်ဘဝ သုံးဘဝမြောက် စသည်တို့၌ အမြိုက်နိဗ္ဗာန်သို့ ဆိုက်ရောက်လျက် မျက်မှောက် သိမြင် နိုင်ကြကုန်လတ္တံ့—ဟု ကြိုတင် သိမြင် ပြီးသော် ... ရှစ်သတ္တာဟ မြောက်၌ ထိုဝိဘက်ကို ကြံစည်တော်မူသည်။ ကြံစည် ဆင်ခြင် တော်မူသော အခါ၌လည်း ငါဘုရား၏ စိတ်သည် လွယ်ကူစွာ တရားဟောကို သိမြင်ခြင်း၌ စွမ်းနိုင် သူတို့ကို အကြောင်းပြု၍ကား—လျစ်လျူရှုရန် လုံ့လ မစိုက်ဘဲ နေရန် မသင့်လျော်ပေ။ လုံ့လ စိုက်၍ တရားကို ဟောသော်လည်း— ပါရမီ အခံနည်း၍ မသိ မမြင် နိုင်သူတို့ကို အကြောင်းပြု၍ လျစ်လျူ ရှုဘန် အတွက်၌ ညွတ်၍ နေသော်သာ သင့်လျော်ရာ၏။ ထိုသို့ တရားဟောရန် စိတ်ညွတ် သည်ကို ဗြဟ္မာမင်းက ဆင်ခြင်၍ သိမြင်သော်သာလျှင် (ငါ) ဘုရား၏ ထံသို့ လာရောက် တောင်းပန် လိမ့်လတ္တံ့—ဟု သိမြင်တော် မူပြီးသော်—အဓိဂတော ခေါ မျာယံဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော-စသည်ဖြင့် ထပ်မံဆင်ခြင်၍ ကြံတော်မူသည် ဟု မှတ်ယူရာ၏။

ကြံစည်တော်မူရာ၌ လည်း—

မသိမမြင် နိုင်သူတို့အား တရား ဟောကြား ရခြင်း သည် ကြာရှည်စွာ နေ့ထိုင်ရခြင်း,များစွာ ရှည်ဝေးစွာ ဟောရခြင်းတို့ကြောင့် ကျောရိုး ကြွင်နာခြင်း လည် ချောင်းတော် အာခေါင်တော် ခြောက်သွေ့ ရခြင်း



စသည်တို့၏ အစွမ်းဖြင့် ကိုယ်တော်၏ ပင်ပန်းခြင်း ကိုယ်တော်ကို ညှဉ်းဆဲခြင်းသည် ဖြစ်၏။ သိမြင်လွယ်သူ တို့ကို ဟောကြားရာ၌ကား ဤသို့ ပင်ပန်းခြင်း မဖြစ်။

အကြောင်းမှုကား—

မြတ်စွာဘုရားတို့ မည်သည် ခြင်္သေ့မင်းနှင့် တူ၏။ (အဘယ်သို့ တူသနည်း ဟူမူကား) ခြင်္သေ့မင်းသည် တကောင်သော သားကိုဖမ်းယူသော လုံ့လ ဥဿာဟ အဟုန်နှင့် အများသော သားကောင်, အားကြီးသော သားကောင်တို့ကိုဖမ်းယူသောလုံ့လ ဥဿာဟ အဟုန် တို့ကို အညီအမျှ အတူထား၏။ လျော့၍တိုး၍မထားလေ။ (အဘယ့်ကြောင့်နည်းဟူမူ) ငါ၏အဟုန်တို့သည်လျော့ပါး အားငယ်၍ မသွားစေသတည်းဟု ကြံစည်၍ အတူအညီ ထား၏။ ထို့အတူ မြတ်စွာဘုရား သည်လည်း တဦး တယောက်သော ပုဂ္ဂိုလ်အား ဟောပြောတော် မူသော တရားနှင့် အများသော ပုဂ္ဂိုလ် သတ္တဝါ တို့အား ဟောကြားတော်မူသောတရားအယဉ်ဒေသနာအစဉ်ကို အတူ အမျှထား၍ ဟောကြားတော်မူ၏။ နည်းပါးသော ပရိသတ်ကြောင့် လျော့၍ဟောတော်မူလေ့မရှိ။ ပရိသတ် များသောကြောင့်လည်းတိုး၍ အားထုတ်လေ့မရှိ။ ပကတိ အတိုင်းသာ ဟောတော် မူလေ့ရှိ၏။ (အဘယ့်ကြောင့် နည်းဟူမူကား) ငါ၏ တရားအဟုန်သည် လျော့ပါး၍ မသွားပါစေ သတည်းဟု စိတ်ထားရှိတော် မူသော ကြောင့်တည်း-ဟု အဋ္ဌကထာတို့၌ ဖွင့်ပြတော်မူ၏။

ထိုသို့ အလျော့ မထားမူ၍ မသိ မမြင်နိုင်သူ တို့အား ဟောကြားတော် မူရခြင်းသည် ကိုယ်၏ ပင်ပန်းခြင်း ကိုယ်တော်ကိုညှဉ်းဆဲခြင်းသို့ရောက်ရာ၏။ ကိုယ်တော်၏ စိတ်ကိုကား ညှဉ်းဆဲ ပင်ပန်း စေနိုင်ခြင်းသည် မရှိဟု မူလပဏ္ဏာသ အဋ္ဌကထာ - ပါသရာသိသုတ် အဖွင့်၌ ပြထား၏။

အပ္ပေါသုက္ကတာယစိတ္တံနမိ- ဟူသော ပါဠိ၌လည်း ကြောင့်ကြမစိုက် အရေးမယူ ဟူ၍ ပျင်းရိခြင်း ဝိရိယ လျော့ပါးခြင်း အနက်ကိုမယူစေရန်(နိရုဿာဟဘာဝေန) ဟု အပ္ပေါသုက္က ဟူသော ပါဠိ၏ သံ့လ မပြုခါမျှ အဖြစ်ကိုဖွင့်ပြတော်မူရ၏။ (အဘယ့်ကြောင့်နည်းဟူမူ) လုံ့လမစိုက် တရားဟောရန် အားမထုတ် ခါမျှ နေခြင်း ကြံစည်ခြင်းသည် ဖြဟ္မာမင်း လာ၍ တောင်းပန်ခြင်း အကျိုးရှိ၏။ ဖြဟ္မာမင်း လာ၍ တောင်းပန် ရခြင်းသည် သတ္တဝါ အပေါင်းတို့၏ တရားတော်၌ အလေး အမြတ် ပြု၍ နာကြားခြင်း အကျိုးရှိ၏။ အလေးအမြတ် ဂရုထား၍ တရားနာခြင်းသည် မဂ်ဖိုလ်၏ ဥပနိဿယ အကျိုးနှင့် မဂ်ဖိုလ်ကို မျက်မှောက် ပြုနိုင်ခြင်းအကျိုးရှိ၏။

အပ္ပေါသုက္ကတာယဟူသောပါဠိ၏ကြောင့်ကြမဲ့နေခြင်း ပျင်းရိခြင်း အနက်ကို ယူသော်ကား–မည်သည့်အကျိုးမျှ မရှိ၊ ထိုအနက်၏ မြတ်စွာဘုရားနှင့်လည်း မထိုက်တန် ဖြစ်မည်ကြောင့်....အဋ္ဌကထာ၌ (နိရုဿာဟ ဘာဝေန) ဟု ဖွင့်ပြတော်မူရ၏။



## အနက်များသော အရာမှောက်ချင့်

ပါဠိတခု၏ အနက်သည် အများ အပြားရှိသော အခါ လျော်သော နေရာ၌ လျော်သော အနက်ကို ပေးရ၏။ (ဥပမာ) နာဂ-ဟူသော ပါဠိတခုသည် ဆင်ဟူသော အနက်,နဂါးဟူသောအနက်,ရဟန္တာဟူသောအနက်ကို ဟောဆိုနိုင်၏။ သို့ရာတွင် "နာဂသည် တရားဟော၏" ဟူသော စကားမျိုး၌ နာဂ၏ အနက်သည် ရဟန္တာနှင့် ထိုက်တန်၏။ဆင်, နဂါးတို့နှင့် မထိုက်တန်။ "နာဂသည် မြစ်တွင်း၌ ကျက်စား သွားလာနေ၏" ဟူသော စကား မျိုး၌ နာဂ၏ အနက်သည် နဂါးနှင့် ထိုက်တန်၏။ ဆင်, ရဟန္တာဟူသော အနက်တို့နှင့် မလျော်လေ။ "နာဂသည် သစ်တုံးတို့ကို ဆွဲဆောင် သယ်ယူ၍ နေ၏" ဟူသော စကားမျိုး၌ နာဂ၏ အနက်သည် ဆင်နှင့် လျော်၏။ နဂါး,ရဟန္တာဟူသော အနက်တို့နှင့်မလျော်တော့လေ။

ဤအတူ ဤအပ္ပေါသုက္ကတာယ ဟူသော ပုဒ်၏ ကြောင့်ကြမစိုက်ဟူသော အနက်သည် ဘုရား၌ ပကတိ အားဖြင့် ကြောင့်ကြခြင်း ကင်းပြီး ဖြစ်၍ ကြောင့်ကြ မစိုက်ဟု ဆိုရန်ပင် မရှိတော့သဖြင့် ဘုရားနှင့် မလျော် ကြောင်းကိုလည်း သိသင့်၏။

ဤမူလပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ပြသည့် အတူပင် ပါရာဇိကဏ် အဋ္ဌကထာ၌လည်း ဖွင့်ပြတော် မူလေ သည်။ အကြောင်းကား–ဤသို့တည်း။

## သာသနာရှည်တို ဖြစ်ကြောင်းကို

အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား လျှောက်ထားသည်မှာ မြတ်စွာဘုရား—ဝိပဿီမြတ်စွာဘုရား-သိခီ မြတ်စွာဘုရား— ဝေဿဘူ မြတ်စွာဘုရား တို့၏ သာသနာတော်သည် (အဘယ့်ကြောင့်) ကြာရှည်စွာ မတည်ပါသနည်း ဟု လျှောက်ထား၏။ ထိုအခါမြတ်စွာဘုရားက ဤမိန့်တော်ရှိသည်ကား—

ဘဂဝါစ သာရိပုတ္တ ဝိပဿီ၊ ဘဂဝါစ သိခီ၊ ဘဂဝါစ ဝေဿဘူ ကိလာသု အဟေသုံ သာဝကာနံ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ—ဟူသည်တည်း။

အဓိပ္ပါယ်ကား—

သာရိပုတ္တရာ- ဝိပဿီမြတ်စွာဘုရား- သိခီ မြတ်စွာဘုရား-ဝေဿဘူမြတ်စွာဘုရားတို့သည် တပည့်သာဝကတို့အား အကျယ်အားဖြင့် တရားကိုဟောခြင်း၌ အားထုတ်တော်မမူကြကုန်။ သိက္ခာပုဒ်ကို အကျယ်အားဖြင့် ပညတ်တော်မမူကြကုန်။ ထို့ကြောင့် သာသနာတော်သည် ကြာရှည်မတည်-ဟု ဟောပြတော်မူ၏။

တဖန် မြတ်စွာဘုရား—ကကုသန္ဓ မြတ်စွာဘုရား—ကောနာဂမန မြတ်စွာဘုရား— ကဿပ မြတ်စွာဘုရားတို့၏ သာသနာတော်သည် အဘယ့်ကြောင့် ကြာရှည်စွာ တည်ပါသနည်း-ဟု မေးလျှောက်ပြန်၏။



ထိုအခါ မြတ်စွာဘုရားက— ဘဂဝါ စ သာရိပုတ္တ ကကုသန္ဓော ဘဂဝါ စ ကောနာဂမနော ဘဂဝါ စ ကဿပေါ အကိလာသုနော အဟေသုံ သာဝကာနံ ဓမ္မံ ဒေသေတုံ—စသည်ဖြင့် ဖြေကြား ဟောပြတော် မူ၏။

အဓိပ္ပါယ်ကား— သာရိပုတ္တရာ-ကကုသန္ဓ မြတ်စွာဘုရား-ကောနာဂမန မြတ်စွာဘုရား-ကဿပ မြတ်စွာဘုရားတို့သည် တပည့်သာဝကတို့အား အကျယ်အားဖြင့် တရား ဟောခြင်း၌ အားထုတ်တော် မူကြကုန်၏။ သိက္ခာပုဒ်ကို အကျယ် အားဖြင့် ပညတ်တော် မူကြကုန်၏။ ထို့ကြောင့် ထိုမြတ်စွာ ဘုရားတို့၏ သာသနာတော်သည် ကြာရှည်စွာတည်၏ဟု ဟောတော်၏။

ဤပါဠိ၌ရပ်တို့၌ပါလာသော ကိလာသုနော ဟူသော ပါဠိသည် ပျင်းရိ၍ တရားဟောခြင်း၌ သိက္ခာပုဒ်ကို ပညတ်ခြင်း၌ အားမထုတ်ဟူသော သဘောသည် မဖြစ်သင့်။ (အဘယ့်ကြောင့်ဆိုသော်) ဘုရားရှင်တို့၌ ဝီရိယ ဆုတ်ယုတ်ကြောင်း ကိလေသာ ပျင်းရိခြင်း ကောသဇ္ဇ ကိလေသာတို့၏ မရှိခြင်း ကြောင့်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ (နအာလသိယ ကိလာသုနော၊ ဟူ၍ ပျင်းရိခြင်းအနက်ကိုပယ်၍ ဖွင့်ထား၏။

သာရတ္ထ ဒီပနီဋီကာ ၌လည်း — ကိလာသုနော အဟေသုန္တိ အပ္ပေါ သုက္ကာ အဟေသုံ၊ နိရုဿာဟာ အဟေသုန္တိ အတ္ထော—ဟူ၍ အပ္ပေါသုက္ကာ နိရုဿာဟာ-

လို့လမပိုက်ဟူသော အနက်တို့ကိုယူရန် ဗြဟ္မယာစန ကထာ၌ ဘွင့်ပြသကဲ့သို့ပင် အပ္ပေါသုက္က ဟူသော ပုဒ်၏ အနက်ကို ဘွင့်ပြတော်မူ၏၊

ဤပါရာဇိကဏ် ပါဠိတော်၌ကား—ထိုမြတ်စွာဘုရား တို့၏ သာသနာ၌ သိက္ခာပုဒ်ကို ကျူးလွန်သောပုဂ္ဂိုလ် မရှိသောကြောင့် အားထုတ်၍ တရားဟောခြင်း, သိက္ခာ ပုဒ်တို့ကိုပညတ်ခြင်း ပြုတော်မမူကြကုန်။ ပြုသော်လည်း အကျိုးမထူး ဟုသောကြောင့် အပ္ပေါသုက္က နိရုဿာဟ ဖြင့် လို့လထုတ်တော်မမူဘဲ နေတော်မူကြကြောင်းကို ဘွင့်ပြ၏။

## မကျွတ်ထိုက်သူ ရည်၍ပယ်တော်မူ

ဤဗြဟ္မယာစန၌ကား —— နောက်၌ ပြခဲ့ပြီးသည့် အတိုင်း အဆင့်ဆင့် အကျိုးရှိတော် မူမည်ကို မြင်တော် မူသဖြင့် အလေးဂရုပြု၍ တရားတော်ကို လိုက်နာ ကျင့် ကြံကြ စေရန် ရည်သန်တော် မူ၍ ရှေး ဦးစွာ တကြိမ် နှစ်ကြိမ် ပယ်တော်မူ၏။ ပယ်တော်မူပြန်ပါသော်လည်း တရားကို သိမြင်လွယ်မည့် ကျွတ်ထိုက်သူကို အာရုံပြု၍ ပယ်ရန် မလျော်သဖြင့် ကျွတ်နိုင်ခွင့် မရသည့် ပုဂ္ဂိုလ် တို့ကိုသာ ရည်ရွယ်၍ ပယ်တော်မူရ၏။ ထို့ကြောင့် ဝန်ကြီးချုပ်၏ လျှောက်ချက် စာတွဲ မျက်နှာ နံပါတ် ၁၉ နံပါတ် ၄-၌ ပြထားသော သံသယ အတိုင်း ဖြစ် ဘွယ်မရှိနေတော့လေ။



"တခွန်းတည်းသော စကားဖြင့် သာလျှင် အမှန်ကို ပြောလေ့ရှိတော်မူ၍ အရင်ဟာ မှားသည့် နောက်ဟာ မှန်သည်ဟု ပြောင်းလဲခြင်း မရှိပါ။ သို့ရာတွင် ဗြဟ္မာ တောင်းပန်ခဏ်း ကျမှ ပဌမ ဒုတိယအကြိမ်ကတမျိုး- တတိယအကြိမ်ကျမှ တဖုံ ဖြစ်နေ၍ ရှေ့စကား နောက် စကား ဆန့်ကျင်လျက်ရှိပါသည်"ဟု သံသယ ယုံမှား ခြင်းဖြစ်ရာ၌ ရှေ့ဦးစွာ မြတ်စွာဘုရား စိတ်အကြံတော် ဖြစ်သော ပါဠိစကားရပ်၌လည်း "အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော (ပ) တမော ခန္ဓေန အာဝုဋာ"ဟူ၍လာ၏။

ဗြဟ္မာ တောင်းပန်သော အခါ၌လည်း ကိလေသာ ထူထပ်သော သတ္တဝါတို့ကို ရည်မှတ်ကြံစည်တော်မူသည့် အတိုင်း "အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော (ပ) တမော ခန္ဓေန အာဝုဋာ"ဟူ၍ပင် ပြန်၍ ပြောကြ[illegible]ကြောင်း ပါဠိ၌လာ၏။

နှစ်ကြိမ်မြောက်—ဗြဟ္မာက ထပ်၍တောင်းပန်သော အခါ၌လည်း ဤရှေ့ အတိုင်းပင် "အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော (ပ) တမော ခန္ဓေန အာဝုဋာ"ဟူ၍ပင် ပြန်၍ပြောကြားတော်မူကြောင်းဖြင့် ပါဠိ၌လာရှိ၏။ သုံးကြိမ်မြောက် လျှောက်ထားသော အခါ၌လည်း ရှေးက ကြံတင်သိမြင်၍ထားတော်မူတိုင်း ဒင့်ပြုရန် အချိန်တော်ပြီ။ ဗြဟ္မာ အပေါင်းလည်း ရုံညီ ပြဟု သိမြင်တော်မူ၍—

အပါရုတာ တေသံ အမတဿ ဒွါရာ၊
ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။
ဝိဟိံသ သညီ ပဂုဏံ န ဘာသိံ၊
ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။

ဟူ၍သာ ဓွင့်ပြုတော်မူသောစကားကို မိန့်ကြားတော် မူကြောင်းဖြင့်လာ၏။

မူလပဏ္ဏာသအဋ္ဌကထာ ပါသရာသိသုတ်၌—

အပါရုတာတိ ဝိဝဋာ။ အမတဿ ဒွါရာတိ အရိယမဂ္ဂေါ၊ သော ဟိ အမတ သင်္ခါတဿ နိဗ္ဗာနဿ ဒွါရံ၊ သော မယာ ဝိဝရိတွာ ထပိတောတိ ဒဿေတိ၊ ပမုဉ္စန္တု သဒ္ဓန္တိ သဗ္ဗေ အတ္တနော သဒ္ဓံ မုဉ္စန္တု၊ ပဿိမပဒဒွယေ အယမတ္ထော အဟံဟိ အတ္တနော ပဂုဏံ သုပဝတ္တိတမ္ပိ ဣမံ ပဏီတံ ဥတ္တမံ ဓမ္မံ ကာယ ဝါစာ ကိလမထ သညီ ဟုတွာ န ဘာသိံ၊ ဣဒါနိ ပန သဗ္ဗော ဇနော သဒ္ဓါ ဘာဇနံ ဥပနေတု "ပူရေဿာမိ နေသံ သင်္ကပ္ပန္တိ" ဟူ၍ဘွင့်ပြတော်မူ၏။

အဓိပ္ပါယ်ကား— ဗြဟ္မာမင်း ငါဘုရားသည် မိမိ၏ ကောင်းစွာ ဖြစ်စေအပ်သည်လည်းဖြစ်သော လေ့ကျက်ပြီးသော မွန်မြတ်သော ဓမ္မတရားကို ကိလေသာ တည်းဟူသော မြူမှုန်များကြွကုန်သော သတ္တဝါတို့၌ ဟော ကြားသဖြင့် ကိုယ်၏ ပင်ပန်းခြင်း, နှုတ်၏ ပင်ပန်းခြင်း ဖြစ်တော့လတ္တံ့ ဟူသော အမှတ်သညာရှိသည် ဖြစ်၍



မဟောကြားဘဲ နေခဲ့ပြီ။ ယခုအခါ၌ကား ပညာတည်း ဟူသောမျက်စိ၌ ကိလေသာတည်းဟူသော မြူမှုန်နည်း ပါး ကုန်သော ထက်သော သဒ္ဓါစသော ဣန္ဒြေရှိကြကုန် သော ကောင်းသော သဒ္ဓါစသော အခြင်းအရာ ရှိကြကုန် သော အသညသတ် အရူပဘုံသားတို့ကို ချန်ထား၍ နား အကြားရှိကြကုန်သော အကြွင်းသတ္တဝါတို့သည် မိမိတို့၏ သဒ္ဓါတရားကို စေလွှတ် ကုန်လော။ဝါ၊ သဒ္ဓါ တည်းဟူ သောခွက်ကို ဆောင်ယူကြစေကုန်လော့။ ထိုသတ္တဝါ အပေါင်းအား အမြိုက်နိဗ္ဗာန်တရား၏ တံခါး တည်းဟူ သောမဂ်ကို ဖွင့်လှစ်၍ ထားတော်မူပြီ….ဟူသဘည်း။

ဤပါဠိရပ်တို့၌ "ဈေးယာခင်က ငါမမြင်မသိ၍ မဂ် တံခါးကို ပိတ်ထားမိပါသည်၊ ယခုမှ သင်ဗြဟ္မာမင်း သတိပေးစကား ပြောကြား တောင်းပန်သဖြင့် သိမြင်၍ ဘွင့်လိုက်ပြီ"ဟူသော ဝန်ကြီးချုပ်၏ သံသယဖြစ်သော စကားမျိုး မပါမရှိလေ။

## စကားညီညာ ယုံမှားကွာလော့

စင်စစ် သော်ကား—သင်ဗြဟ္မာမင်း မတောင်းပန်မီ ဈေးယခင်က မဟာရဇကွေ, မုဒ္ဒိန္ဒြိယေ, ဒွါကာရေ, ဒုဝိညာပယေ-စသော များသောကိလေသာ တည်းဟူ သော မြူရှိသူ,မကောင်းသောသဒ္ဓါစသော အခြင်းအရာ ရှိသူ, ဟောပြော သော်လည်း သိနိုင် နားလည် နိုင်ခဲ သူတို့ကို အာရုံပြု၍ ဒသဗလ ဉာဏ်ဆယ်ပါး တို့တွင်

အပါ အဝင် ဖြစ်သော (ဗုဒ္ဓစက္ခု) ဟု ခေါ်သော အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တို့ဖြင့် ကြည့်ရှု ဆင်ခြင် သ ဖြင့် ဤသို့ ငါပင်ပန်းရုံမျှ ရှိမည်ဟု သညီအမှတ် ဖြစ်ကြောင်း ယခုအခါ၌မူကား - ကျွတ်ထိုက် သူတို့ကိုသာ ဆင်ခြင်သော (ဗုဒ္ဓစက္ခု)ဖြင့် ကြည့်ရှု၍ မကျွတ်ထိုက်သူတို့ကို မကြည့်မရှုပြီဟု သူ၏ ဗလသတ္တိ ရှိသမျှ ကိုသာ မြင်စွမ်းနိုင်ခြင်း ရှိသော ဒသဗလဉာဏ် ဆယ်ပါးတို့တွင် အဝင် အပါ ဖြစ်သော (ဗုဒ္ဓစက္ခု)ကိုစွဲ၍ ပြောဆိုခြင်း မျှသာဖြစ်၍၊ ဤအခိုက် သဗ္ဗညုတ ဉာဏ်၏ အရာကို စွဲ၍ မပြောမဆိုလေ။ ထို့ကြောင့် ရှေ့စကား နောက်စကား ကွဲလွဲနေတော့၏-ဟု သံသယ ဖြစ်ဖွယ်မရှိ၊ ဤ၌(ဗုဒ္ဓစက္ခု)ခေါ်သော အာသယာ နုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တို့ကား အမြင် မကျယ် အကြွင်း အကျန်မရှိ မမြင်လေ။ သဗ္ဗညုတဉာဏ်ကား အမြင်ကျယ်၏၊ အဝိတ်အပင်မရှိ မြင်နိုင်၏၊ ထိုသို့ ကျွတ်ထိုက်သော ပုဂ္ဂိုလ်ကိုသာ တဖန် ကြည့်ရှုတော်မူကြောင်းကို အဋ္ဌကထာ၌ ဤသို့ ဖွင့်ပြ၏။

ယထာ သေလ ပဗ္ဗတ မုဒ္ဓနိ ဋ္ဌိတောဝ စက္ခုမာ ပုရိသော သမန္တတော ဇနတံ ပဿေယျ(ပ)ယထာ ဟိ ပဗ္ဗတပါဒေ သမန္တာ မဟန္တံ ခေတ္တံ ကတွာ တတ္ထ ကေဒါရပါဠီသု ကုဋိကာယော ကတွာ ရတ္တိံ အဂ္ဂိံ ဇာလေယျုံ၊ စတုရင်္ဂသမန္နာဂတဥ္စ အန္ဓကာရံ အဿ၊



အထဿ ပဗ္ဗတဿ မတ္ထကေ ဌတွာ စက္ခုမတော ပုရိသဿ ဘူမိံ ဩလောကယတော နေဝ ခေတ္တံ န ကေဒါရပါဠိယော န ကုဋိကာယော န တတ္ထ သယိတာ မနုဿာ ပညာယေယျုံ။ ကုဋိကာသု ပန အဂ္ဂိဇာလာ မတ္တကမေဝ ပညာယေယျ၊ ဧဝံ ဓမ္မ ပါသာဒံ အာရုယှ သတ္တနိကာယံ ဩလောကယတော တထာဂတဿ ယေ တေ အကတကလျာဏာ သတ္တာ၊ တေ ဧကဝိဟာရေ ဒက္ခိဏဇာဏုပ[illegible]သ နိသိန္နာပိ ဗုဒ္ဓစက္ခုဿ အာပါထံ နာဂစ္ဆန္တိ(ပ)ယေ ပန ကတကလျာဏာ ဝေနေယျပုဂ္ဂလာ၊ တေ ဝေဿ ဒူရေ ပိ ဌိတာ အာပါထံ ဂစ္ဆန္တိ၊ သော အဂ္ဂိဝိယ ဟိမဝန္တပဗ္ဗတော ဝိယစ-ဟူသည်တည်း။

ဤ(ဗုဒ္ဓစက္ခု)ဖြင့် ကြည့်သင့်၍ ကြည့်ရှုတော်မူသော အရာ၌ သဗ္ဗညုတ ဉာဏ်တော်၏ အရာနှင့် ရောနှော၍ အလုံးစုံကို မမြင်ရာကျနေသည်ဟု သံသယ ဖြစ်ဖွယ်မရှိ သူ့နေရာ၌ သူ့ကို သုံးရာ၏။

ဘာသာပြန်ကား—

တောင်၏ ခြေရင်း ထက်ဝန်းကျင် ပတ်လည်၌ ကြီးစွာသော လယ်ကိုပြု၍ ထိုလယ်၏ လယ်ကွက်, လယ်ကဇင်းတို့၏ အတွင်း၌ လယ်တဲ ငယ်ကလေး တို့ကို ဆောက်၍ ညဉ့်အချိန်၌ မီးကိုထွန်းညှိရာ၏၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသောအမိုက်မှောင်သည်လည်းကျရောက် ဖြစ်ပေါ်၍နေ၏၊ ထိုအခိုက်အတန့်၌ ထိုတောင်၏ ထိပ်၌

ရပ်တည်လျက် မြေပြင်သို့ ကြည့်သော မျက်စိအမြင်ရှိသော ယောကျ်ား၏ မျက်စိ၌ လယ်သည် ၎င်း, လယ်ကွက်ကဇင်း တို့သည်၎င်း, လယ်တဲငယ် ကလေးတို့သည်၎င်း, ထိုတဲပေါ်၌ အိပ်၍ နေသောသူတို့သည် ၎င်း မထင်မြင်ကုန်။ ထိုလယ် တဲငယ်၌ ထွန်းညှိ၍ ထားသော မီးတောက် ကလေး မျှသည်သာ မျက်စိအားဖြင့် ထင်ခြင်းသို့ ရောက်၏။ ဤ ဥပမာ၏ အတူသာလျှင် တရား တည်းဟူသော ပြာသာဒ်ထက်သို့ တက်၍ သတ္တဝါ အပေါင်းကို ကြည့်ရှုတော် မူသောမြတ်စွာဘုရား၏ ဗုဒ္ဓစက္ခုအား အကြွင် ပုဂ္ဂိုလ် တို့သည် ပြုအပ်ပြီးသော ကောင်းမှု မရှိကုန်။ ထိုကောင်းမှု မရှိသော သတ္တဝါတို့သည် မြတ်စွာဘုရားနှင့် အတူ တကျောင်းတည်း၌ လက်ျာ ဒူးတော်၏ အနီး၌ နေထိုင်ကုန်သော်လည်း ထင်မြင်ခြင်းသို့ မရောက်ကုန်။ ပြုအပ်ပြီးသော ကောင်းမှု ရှိကုန်သော အကြွင် ကျွတ်ထိုက် ကုန်သော ဝေနေယျ ပုဂ္ဂိုလ်တို့သည် ရှိကုန်၏။ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ထိုပြုအပ် ပြီးသော ကောင်းမှု ရှိကုန်သော သူတို့သည် အဝေး၌ တည်ကုန်သော်လည်း ဗုဒ္ဓစက္ခုအားထင်ခြင်းသို့ ရောက်ကုန်၏။ မီးတောက် ကဲ့သို့၎င်း ဟိမဝန္တာ တောင်ကဲ့သို့၎င်း ထင်မြင်ခြင်းသို့ ရောက်ကုန်၏ ...ဟူသတည်း။

ဤသို့ ပြဟ္မာမင်း၏ အလေး အမြတ်ပြု၍ အကြိမ်ကြိမ် တောင်းပန် ခြင်းသို့ ရောက်စေရန် ၎င်း, သဗ္ဗညုတ



ညာဏ်ဖြင့်မြင်ပြီးသိပြီးဖြစ်ပါလျက်ကျွတ်ထိုက်သူကိုမမြင်ဟု မုသာဝါဒ-ဒုဝါရဝါမဖြစ်စေရန်၎င်း,ရည်သန်တော်မူ၍ ဤနေရာ၌ ကျွတ်ထိုက်သူ သက်သက်ကိုသာ ကြည့်ရှုတော်မူသော(ဗုဒ္ဓစက္ခု)ကိုစွဲ၍ ပြဟ္မာမင်းအားတဖန်-ငါဘုရားသည် နိဗ္ဗာန်၏ မင်္ဂတည်း ဟူသော တံခါးကိုဖွင့်ထားပြီ-စသည်ဖြင့် ပြောကြားတော်မူ၏။

## သဗ္ဗညုတဉာဏ်ကိုချည်း မစွဲသင့်

တွေ့ရာမြင်ရာ၌ သဗ္ဗညုတဉာဏ်ကိုချည်း အသုံးပြုနေလျှင် သူ့အခွင့်အရေး ရှိရာ၌ တခြား အခွင့် အရေးကို အသုံးပြုရာ ရောက်နေသဖြင့် ကိစ္စလည်း မပြီးမြောက် သံသယ ယုံမှားခြင်းမှလည်း မထွက် မြောက်နိုင် ဖြစ်နေရာ၏။ ဆင်ခြင်ပါလေ။

အဘယ်သို့ပြုသော်....ကျွတ်ခွင့် ရမည်ကို မြင်တတ်သောကြောင့်-ဥပါယကုသလေန ဗုဒ္ဓေ နာဒိစ္စ ဗန္ဓုနာ ဟူ၍ ဖွင့်ဆို၏။ အကြောင်း ဥပါယ်၌ နားလည်သိမြင်တော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားဟု ဆိုလိုသည်။ မိလိန္ဒပဉှာပါဠိ၌ တွေ့မြင်ရာ၌ သဗ္ဗညုတဉာဏ်ကိုချည်း မသုံးပုံကား ဤသို့လာ၏။

ရာဇာအာဟ- ဘန္တေနာဂသေန ဗုဒ္ဓေါသဗ္ဗညူ သဗ္ဗဒဿာဝီတိ၊ အာမ မဟာရာဇ ဘဂဝါ သဗ္ဗညူ သဗ္ဗဒဿာဝီတိ၊ အထ ကိဿနုခေါ ဘန္တေ နာဂသေန သာဝကာနံ အနုပုဗ္ဗေန သိက္ခာပဒံ ပညာပေသီတိ။

အတ္ထိ ပန တေ မဟာရာဇ ကောစိ ဝေဇ္ဇော ယော ဣမိဿံ ပထဝိယံ သဗ္ဗေ ဘေသဇ္ဇာနိ ဇာနာတီတိ။ အာမ ဘန္တေ အတ္ထီတိ။ ကိံ နုခေါ မဟာရာဇ သော ဝေဇ္ဇော ဂိလာနကံ သမ္ပတ္တေ ကာလေ ဘေသဇ္ဇံ ပါယေတိ၊ ဥဒါဟု အသမ္ပတ္တေ ကာလေတိ။ သမ္ပတ္တေ ကာလေ ဘန္တေ ဂိလာနကံ ဘေသဇ္ဇံ ပါယေတိ၊ နော အသမ္ပတ္တေ ကာလေတိ။ ဧဝမေဝ ခေါ မဟာရာဇ ဘဂဝါ သဗ္ဗညူ သဗ္ဗဒဿာဝီ၊ န အကာလေ သာဝကာနံ သိက္ခာပဒံ ပညာပေတိ သမ္ပတ္တေ ကာလေ ပညာပေတိ၊ ယာဝဇီဝံ အနတိက္ကမနီယန္တိ-ဟု သာ၏။

အဓိပ္ပါယ်ကား-မိလိန္ဒမင်းက—အရှင်ဘုရားနာဂသိန်… မြတ်စွာဘုရားသည် အလုံးစုံကို သိမြင်တော် မူသော သဗ္ဗညူလောဟု မေး၏။ ဟုတ်မှန်ကြောင်းကို အရှင် နာဂသိန်က ဝန်ခံ၏။ ဤသို့ အလုံးစုံကို ကြိုတင်သိမြင် ပါလျှင် ဤအမှု ဤကိစ္စတို့ကို မပြုရဟု သိက္ခာပုဒ်အလုံး စုံကို ကြိုတင် ပညတ်၍ ထားသင့်သည် မဟုတ်လော။ အဘယ့်ကြောင့် ဖြစ်ပေါ်လာ- ဖြစ်ပေါ်လာမှ သာလျှင် ဖြစ်ပေါ်လာသော အမှုကိစ္စအတိုင်း တခုစီ တခုစီ သိက္ခာ ပုဒ်ကို ပညတ်နေရသနည်း၊ ကြိုတင်မမြင်ရာသို့ ရောက် နေသည် မဟုတ်လော-ဟု မေး၏။

ထိုအခါ အရှင် နာဂသိန်မထေရ်က ပြန်၍ မေးမြန်း သည်ကား-အသင်မင်းမြတ်၏ ဤပထဝီမြေပြင်၌ အလုံးစုံ



သော ဆေးပင် ဆေးမြစ် ဆေးနည်းတို့ကို သိသော တစုံ တယောက်သော အကြင် ဆေးဆရာသည် ရှိသလောဟု မေးပြန်၏။ ရှိပါသည် အရှင် နာဂသိန်-ဟု ဖြေ၏၊ မင်းမြတ်—ထို ဆေးဆရာသည် လူနာကို ဆေး တိုက်သင့်သော အခါသို့ ရောက်မှ တိုက်ကျွေးသလော ဟု—မေး၏။အရှင်ဘုရား…အခွင့်အခါရောက်သောအချိန်၌ တိုက်ကျွေး ပါသည် မရောက်ဘဲ မတိုက်ကျွေးပါ-ဟု ဖြေ၏။ မင်းမြတ်-ဤ ဥပမာ အတူသာလျှင် မြတ်စွာ ဘုရားသည် အလုံးစုံကို သိမြင်တော် မူသော သဗ္ဗညု တည်း။ သို့ရာတွင် အခါအခွင့် မဟုတ်သည်၌ သာဝကာ တို့အား သိက္ခာပုဒ်ကို ပညတ်တော် မမူ ပညတ်ခွင့် ရောက်သော်သာ အသက်ထက်ဆုံး မကျူးလွန်အပ်- ဟူ၍သိက္ခာပုဒ်ကို ပညတ်တော် မူပေသည်-ဟု ဖြေ၏၊

အင်္ဂုတ္တိုရ်အဋ္ဌကထာ နဝက နိပါတ် သီဟနာဒဝဂ်၌ လည်း……အရှင်သာရိပုတ္တရာသည် တရံတခါ တိတ္ထိတို့၏ အရံကျောင်းသို့ သွား၍ တိတ္ထိတို့က ဤသို့ ပြောကြ ကုန်၏၊ အမှတ်မရှိ တစုံတယောက်သော ခန္ဓာအာယ တန အကြွင်း ရှိသေးသော ပုဂ္ဂိုလ်သည် သေဆုံး ပြီးအံ့။ ထိုပုဂ္ဂိုလ်သည် အပါယ်လေးပါးတို့မှ လွတ် မြောက်နိုင်ဟု ပြောဆိုကုန်၏။ ထိုစကားကို မနှစ်သ[illegible] မကန့်ကွက်မူ၍ ပြန်လာပြီးလျှင် အရှင်သာရိပုတ္တ[illegible] ဤအတိုင်း မြတ်စွာဘုရားအား ပြန်၍ လျှောက်[illegible] ထိုအခါ မြတ်စွာဘုရားက သာရိပုတ္တရာ- ဤ [illegible]

သည် သဥပါဒိသေသကို ဘာမျှ ကောင်းစွာ နားလည်ကြသည် မဟုတ်ကုန်။

မယာ သာရိပုတ္တ ဓမ္မပရိယာယော ပဉှာဘိပ္ပါယေန ဘာသိတော- ဟူ၍ ငါဘုရားသည် မေး လျှောက်သော ပြဿနာ၏ အလိုအားဖြင့် တရားအကြောင်း အခွင့်ကို ဟောတော်မူ၏။ အကယ်၍ သောတာပန် စသော သေက္ခပုဂ္ဂိုလ်တို့အား သင်တို့သည် အပါယ်လေးပါးသို့ မလား ရောက်တော့ပြီ-ဟု ကြိုတင် ဟောထားက အသက် ရဟန္တာ၏ အဖြစ်သို့ တိုင် ရောက်ရန် ကြိုးစား အားမထုတ်ဘဲ အားရ တင်းတိမ် နေမည့် အကြောင်းကိုမြင်၍ ကြိုတင်မဟောဘဲ ထားတော်မူ၏-ဟု ပြန်၍ ဟောတော်မူ၏။(ဤလည်း သဗ္ဗညုတဉာဏ်ဖြင့် မြင်တိုင်း မပြောဆိုပုံတည်း)။

ထို့အတူ မိထွေးတော်ဂေါတမီ၏ ရဟန်း ပြုပေးပါရန် တောင်းပန် ရာ၌လည်း သိက္ခာပုဒ်တို့ကို အလေး အမြတ်ပြု၍ ကျင့်သုံး စေလိုသောကြောင့် သုံးကြိမ်တိုင် ပယ်ပြီးသော်သာ ခွင့်ပြုတော်မူရ၏။ ဤနည်းအတူ ဒါရုစိ ရဟန်းသည် မြတ်စွာဘုရားအား တရား ဟောပါရန် တောင်းပန်ရာ သုံးကြိမ်တိုင် ပယ်ပြီးသော်သာ သဒ္ဓိန္ဒြေ လွန်ကဲ နေရာမှ ယုတ်လျော့လာ၍ ပညိန္ဒြေ၏ အခွင့် အချိန်သို့ ရောက်ခဲ့သော် ဟောပြတော် မူလေသည်။ သဗ္ဗညုတဉာဏ်ဖြင့် ကြိုတင်မမြင်၍ကား မဟုတ်လေ။



သဠာယတနသံယုတ်၌ ဝစ္ဆဂေါတ္တပရိဗိုဇ်က အတ္တ ရှိ,မရှိကို မေးလျှောက်သောအခါ အကျိုးရှိမည်ကိုမမြင်၍ မည်သည့်စကားကိုမျှ ပြောကြားတော်မမူဘဲ ဆိတ်ဆိတ် နေတော်မူ၏။ ဤနည်းအတူ ဤဗြဟ္မယာစန အခန်း၌ လည်း နောက်၌ ပြခဲ့ပြီးသော ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျ ပဒပရမ ပုဂ္ဂိုလ်တို့ပါ အကျိုးများရန် တရားကို အလေးအမြတ်ပြုစေရန် အချိန်အခွင့်အတိုင်း ရည်သန်၍ မဟောဘဲနေရန် စိတ်ညွတ်ခြင်း အတောင်းပန်ခံခြင်းကို ပြုတော်မူ၏။ ထိုအကြောင်းအခွင့်ကို ငံ့လင့်ရာ၌ "ပျင်းရိ၍ ကြောင့်ကြ[illegible] နေလေ ဟန်ဖြင့်၎င်း" နားမလည်နိုင်သူ ကိလေသာ ထူပြောသူတို့အား တရားဟောခြင်းသည် စိတ်တော်၏ပင်ပန်းခြင်းမရှိသော်လည်းကိုယ်နှုတ်နှစ်ပါး ပင်ပန်းခါမျှကို အကြောင်းပြု၍ ဟောခွင့်ကို ငံ့လင့်တော် မူရာ၌ "တရားဟောရန် စိတ်ဆန္ဒဝီရိယတို့ ယုတ်လျော့ သောအဖြစ်ရောက်လေဟန် စသည်တို့ဖြင့်၎င်း" သံသယ မဖြစ် သင့်ပေ။ ထို့ကြောင့် နောက်၌ ပြခဲ့ ပြီးသော အကြောင်းတို့ကို အစ, အလယ်, အဆုံး မှတ်သား၍ စဉ်းစားကြဆ၍ သံသယကို ပယ်ချ သင့်တော့ကြောင်း။ ရှေးရှေးအဋ္ဌကထာဆရာ ဋီကာဆရာကြီး တို့သည်လည်း ဝန်ကြီးချုပ် ကဲ့သို့ပင် စောဒနာဝင်ရန် စကားတို့ကို မြင်ပြီးသား ဖြစ်ကြ သောကြောင့် အသီးသီး ဖွင့်ဖြ ထားခဲ့လေပြီ။

ဝိနည်း မဟာဝါ အဋ္ဌကထာ၌—သဗ္ဗဗုဒ္ဓါနံ အာစိဏ္ဏ သမာစိဏ္ဏောအယံ စေတသော ပရိဝိတက္ကော ဥဒပါဒိ။ ဤတရားဟောရန် အခွင့်ကို ဗြဟ္မာကိုယ်တိုင်တောင်းပန် ရန်လာလိမ့်လတ္တံ့ တောင်းပန်ခဲ့သော် သတ္တဝါတို့သည် တရား၌ အလေး အမြတ် ပြုကြကုန် လတ္တံ့ဟူသော ဝိတက်သည် ဘုရားတဆူတည်း၌ ဖြစ်သော ဝိတက်မျိုး မဟုတ်၊ ဘုရားရှင် ဟူသမျှ တို့သည် ကောင်းစွာ လေ့ကျက် ပြီးသော အလေ့ အကျင့်တော် တည်းဟု ဘွင့်ပြ၏။

ဤနည်းအတူ မိလိန္ဒပါဠိ၌-သဗ္ဗေသံ တထာ ဂတာနံ ဓမ္မတာ ဧသာယံ ဗြဟ္မုနာ ယာစိတာ ဓမ္မံ ဒေသေန္တိ- ဟူ၍ပင်လာ၏။ ဗြဟ္မာတောင်းပန်သော်သာ ဤတရား ဟောတော်မူခြင်းသည် အလုံးစုံသော ဘုရားရှင်တို့၏ဓမ္မ တာ သဘောတည်းဟု ဖြေတော်မူ၏၊ အကျဉ်း အမြွက် ကား အရှင် ဘုရား နာဂသိန်.......ဘုရားရှင် တို့သည် သတ္တဝါ အပေါင်းတို့ကို ထုတ်ဆောင်ခြင်း အကျိုးငှါ လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပါရမီတော်တို့ကို ဖြည့်ဆည်း ဘူးတော် မူခဲ့၏ဟု မိန့်ဆို ကြကုန်၏။ တဘန် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်သော မြတ်စွာ ဘုရား အား တရား မဟောခြင်းငှါ ကြောင့်ကြ ကင်းသော အဖြစ်ဖြင့် စိတ်သည် ညွတ်၏ဟု မိန့်ဆိုကြပြန် ကုန်၏။ အရှင်ဘုရား နာဂသိန် - (ဥပမာ) မည်သည်ကား လေး ဆရာသည်ငှင်း, လေးဆရာ၏တပည့်တို့သည်ငှင်း မြား



စွာသော နေ့ညတို့ပတ်လုံး စစ်တိုက်ခြင်း အကျိုးငှါ လေးမြားပစ်ခြင်းကို လေ့ကျင့်သင်ကြား၍ စစ်ပွဲတိုက် ချိန်သို့ ရောက်လတ်သော် ဆုတ်နစ် စိတ်ပျက်ခြင်းသို့ ရောက်ကုန် သကဲ့သို့ ထို့အတူ မြတ်စွာ ဘုရားသည် လည်း တရားဟောရန် အလို့ငှါ လေးသင်္ချေနှင့် ကမ္ဘာ တသိန်းပတ်လုံး အားထုတ်ကျင့်ကြံတော် မူပြီးနောက် ဘုရားဖြစ်၍ တရားဟောချိန်သို့ ရောက်ခဲ့သော် ဆုတ်နစ် သော စိတ်ဖြင့် တရားမဟောလိုခြင်း ဖြစ်ခဲ့တကား။ ရှေး စကား မှန်လျှင် နောက် စကား လွဲမှား ရမည် နောက်စကား မှန်လျှင်လည်း ရှေးစကား လွဲမှားရမည်၊ ထိုနှစ်ခွန်း ထွက်သော နက်နဲသော ဖြေနိုင် ခဲသော ပြဿနာသည် အရှင်ဘုရား၏ အပေါ်သို့ ကျရောက်ခဲ့ပြီ ထိုပြဿနာကို အရှင် ဘုရား ဖြေရှင်းတော် မူပါဟု လျှောက်၏၊ ထိုအခါ အရှင် နာဂသိန် ရဟန္တာမြတ်က- မင်းမြတ်——မြတ်စွာဘုရားသည် တရားတော်၏ နက်နဲ သော အဖြစ်ကိုငှင်း, သတ္တဝါတို့၏ကိလေသာများသော အဖြစ်ကိုငှင်း သိမြင်တော်မူ၍ တရားဟောရန် လုံ့လ မထုတ်သော အဖြစ်ဖြင့် စိတ်သည် ညွတ်၏ဟူသော စကားသည် သတ္တဝါ တို့၏ ထိုးထွင်း သိမြင်ရန် အကြောင်းကို ကြံစည်သော စိတ်ထားသာတည်း။

မင်းမြတ်– ဥပမာ မည်သည်ကား-ဆေး ဆရာသည် ရောဂါနှိပ်စက်ခြင်းကို ခံနေရသောလူနာသို့ ကပ်ရောက်၍ အဘယ်သို့သော ဆေး အဘယ်သို့သော အာထုတ်

ခြင်းဖြင့် ဤရောဂါသည် ငြိမ်းပျောက်ရာအံ့နည်း ဟူ၍ ကြံစည်သောစိတ် ဝိတက်ကဲ့သို့ ကြံစည်တော် မူခြင်း ပေတည်း။ပ။စင်စစ်သော်ကား မင်းမြတ်-ဗြဟ္မာတောင်း ပန်သဖြင့် တရားကိုဟောတော်မူခြင်းသည် ဘုရားရှင်ဟူ သမျှတို့၏ အလေ့ အကျက် ဓမ္မတာ တရား ပေတည်း။ ထိုဘုရားမပွင့်မီ အချိန်အခါမျိုး၌ လူ, ရသေ့, ပရိဗိုဇ်, သမဏ,ဗြာဟ္မဏ အမည်ကို ခံကုန်သော အလုံးစုံသော သူတို့သည် ဗြဟ္မာကို အလေးပြုကြကုန်၏၊ ဗြဟ္မာလျှင် လည်းလျောင်းရာဖြစ်ကြကုန်၏။ ဗြဟ္မာလျှင် ကိုးကွယ်ရာ ဒိဋ္ဌိမ်ဦးနတ်ဖြစ်ကြကုန်၏။ ထို့ကြောင့် ဗြဟ္မာတောင်းပန် လာခဲ့သော် ဘုရားရှင်တို့သည် တရားကို ဟောတော် မူလေ့ရှိကုန်၏။

မိလိန္ဒမင်းမြတ် (ဥပမာ)သော်ကား တရုံတယောက် သော မင်းသည်ရင်း မင်း၏ အမတ်သည်ရင်း အကြင် ပုဂ္ဂိုလ် တရုံတယောက်အား ညွှတ်ကိုင်း ရှိသေခြင်းကို ပြု၏၊ အားကြီးသော တန်ခိုးအာဏာရှိသူ၏ ထိုပုဂ္ဂိုလ် ကို ကိုင်းညွှတ် ရှိသေခြင်းကြောင့် အခြားကြွင်းသော ပုဂ္ဂိုလ်တို့ သည်လည်းထိုပုဂ္ဂိုလ်အား ရှိသေကိုင်းညွှတ် ခြင်းကို ပြုကြကုန်၏။ ထိုဥပမာ၏အတူ ဗြဟ္မာမင်းနှင့် တကွ တသောင်းသော လောကဓာတ်မှ လာရောက် ကုန်သော နတ်ဗြဟ္မာ အပေါင်းတို့၏ ကိုင်းညွှတ်ရှိသေ ခြင်းကို ခံရသော မြတ်စွာ ဘုရားနှင့် တရားတော်ကို အခြားသော သတ္တဝါတို့သည်လည်း အသီးသီးယုံကြည်



အားထားလျက်အလေးအမြတ်ပြု၍ကြိုးစားအားထုတ်ကြ ကုန်၏။ ဤသို့ ဗြဟ္မာ၏ တောင်းပန်ခြင်းကို ငံ့လင့်သော် အကျိုးရှိ၏ဟု ဖြေကြားတော်မူ၏။ ထိုအခါမိလိန္ဒမင်းက အရှင်ဘုရားနာဂသိန်- ကောင်းပါ ပေသည်။ ဖြေရှင်း ပြီးသော ပြဿနာ ရှိပါပေသည်။ အလွန် ကောင်းခြင်း ရှိသော ဖြေကြားခြင်းပေတည်း။ ထိုအဖြေကိုဖြေဆိုသည့် အတိုင်း ဝန်ခံ ပါ၏ ဟု လျှောက်၏။ အများကြီး ကျယ်လွန်း၍ လိုရင်းမျှကို မိလိန္ဒပဉှာမှ ထုတ်ပြလိုက်၏။

ဤမျှလောက်ပြဆိုခဲ့ပြီးသောစကားစဉ်တို့ဖြင့် မိလိန္ဒ မင်းကဲ့သို့ပင် ဝန်ကြီးချုပ်၏ သံသယ ဖြစ်ခြင်းလည်း ကင်းစင်လောက်ပေပြီ၊ သို့ရာတွင် နောက်၌ ပြခဲ့သော အချက်တို့ကိုတကြိမ်တခေါက်ဖတ်ရုံမျှနှင့် အစ,အလယ်, အဆုံးကိုသိ[illegible]ချုံး၍မှတ်မိရန်ခဲယဉ်းပေသည်။မမှတ်မိ နိုင်ပြန်က မိမိ၌ ဖြစ်ပေါ်လာသော သံသယကို သဘာဝ ယုတ္တိ အာဂမ ယုတ္တိတို့ဖြင့် နိုင်းညှိ ဖျောက်ဖြေရန် ခဲယဉ်းပြန်၏ဟု သဘောထား၍ ၁-၂-၃-၄-သံသယ စကားများကို အကျဉ်းအားဖြင့် ထပ်မံရှင်းပြဦးအံ့။

## အကျဉ်းရှင်းချက်

ဝန်ကြီးချုပ်၏ မကျေနပ်မှု ၁-နံပါတ် စကားအရ အကျဉ်းကို ပြလိုက်သော်- ငါသံသရာမှ လွတ်ခဲ့သော် သတ္တဝါတို့ကိုလည်း ငါကဲ့သို့လွတ်စေအံ့။ ငါသံသရာမှ ကူးမြောက် ခဲ့သော် သတ္တဝါ တို့ကိုလည်း ငါကဲ့သို့

ကျူးမြောက်စေအံ့ဟု နိယျထဏ္ဍာဒိတ်ကို ခံယူစဉ်က ရဲရင့်စွာ ကြုံးဝါးတော်မူခဲ့သော ဗုဒ္ဓဝံသ ပါဠိတော်လာ စကားရပ်တို့သည် အဘယ်ကြောင့် ယုံတမ်းစကားမျှ ဖြစ်ရသနည်းဟု မေးခဲ့သော် ဤဝိနည်း မဟာဝါ ပါဠိတော်၌ "ငါပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ကိုငါညှဉ်းဆဲရုံသာ ဖြစ်ရာ၏" ဟူ၍ ဘုရားဖြစ်ပြီးသောအခါ၌ ကြံစည်မိသောကြောင့်ဟု အဖြေထွက်ရာ၏။ တဖန် "ငါပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ကိုငါညှဉ်းဆဲရုံသာဖြစ်ရာ၏" ဟူ၍ ကြံစည် ဆင်ခြင်ခြင်းသည် ဟောလိုက် ပြောလိုက်လျှင် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်အစရှိသော ပါရမီအခံရှိ၍ သိလွယ်သော ပုဂ္ဂိုလ်မျိုးတို့ကို ရည်၍ ကြံစည်ခြင်းဖြစ်ရာသလော။ သို့တည်းမဟုတ် မည်သို့ပင် ဟောပြောငြားသော်သည်း ပါရမီအခံမရှိ၍မသိမမြင်နိုင်သော ကောကာလိက, ဒေဝဒတ်, သုနက္ခတ္တ စသော ဒုပိညာပယ ပုဂ္ဂိုလ်မျိုးကိုရည်မှတ်၍ ကြံစည်သလောဟု မေးခဲ့သော် ဒုပိညာပယ သိနိုင် နားလည်နိုင်ခဲသော သူတို့ကို ရည်တော်မူ၍သာ ဤငါပင်ပန်းရုံသာ ဖြစ်ရာ၏ စသော အကြံ ဝိတက်သည် ဖြစ်သင့် ပါသည်။ ဖြေရတော့အံ့။ အဘယ်ကြောင့်ဆိုသော်-သဗ္ဗညုတ ဉာဏ်ရှင်မဟုတ်သူ လူသာမည ဖြစ်ကြကုန်သော မိဘနှင့် ဆရာတို့သည်ပင်လျှင် မသိတတ်၍ ထိုင်းမှိုင်းသော သားသမီးတပည့်တို့ကိုသာ နင်တို့ကို ငါပြောရ ဆိုရ ဆုံးမ ရသည်မှာ ပင်ပန်း လှသည် ဟဲ့လို့ ဆိုရိုး ပြောရိုး ရှိကြသဖြင့်



သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ပုဂ္ဂိုလ်၌ ဆိုဘွယ်ပင်မရှိ။ မသိနိုင်သည့် ပုဂ္ဂိုလ်များ ကိုသာ ရည်မှတ်၍ ကိုယ်၏ပင်ပန်းခြင်းစသည်ဖြစ်မည်ဟူသောအကြံအစည်သည် ဖြစ်ရာ၏၊ သိလွယ် နားလည်လွယ် ကျွတ်လွတ်ခွင့် ရလွယ်သူတို့ကိုရည်၍ မကြံကောင်း မကြံစည်ရာဟု ဖြေရမည်။

ဗုဒ္ဓဝံသ ပါဠိတော်စကားသည်လည်း ဘုရားတို့ထံမှ ဘုရား အလောင်း တို့၏ စိတ်ထား ပုံကို ကြားနာခသည့်အတိုင်း ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို ရည်၍ ငါသံသရာမှလွတ်မြောက်လျှင် ငါကဲ့သို့ လွတ်စေမည်ဟု ကြုံးဝါးကြောင်းကို ပြ၏။ ဤဝိနည်း မဟာဝါ ပါဠိနှင့် မူလပဏ္ဏာသပါဠိတို့၌ကား ကျွတ်ထိုက်သူတို့ တရားကို အလေးပြုခြင်း၏ အကြောင်းဖြစ်သော ရှေးဦးစွာမကျွတ်ထိုက်သူတို့ကို ရည်၍ ကြံစည်ကြောင်း ဝိတက်ကိုပြ၏။ အကြောင်းပြည့်စုံပြီးသည့် နောက်၌ကား ကြုံးဝါးတော်မူခဲ့သည့် အတိုင်း ကယ်တင် လွတ်မြောက် စေသောကြောင့် ယုံတမ်းစကားမျှမဖြစ်နိုင်ရာဟု ကြံစည်ပါလေ။ ထို့ကြောင့် အဋ္ဌကထာ၌—

ဇာနန္တာနံ ပန ဒေသနာယ ကာယ ပရိဿမောဝ သဏ္ဍု၊ အပရိဿမော၊ တေနာဟ ဘဂဝါ-နစ ယံ ဝမ္ဘာဝိ ကရဏံ ဝိဟောသီတိ။ တေနေဝါဟ ယာ အဇာနန္တာနံ ဒေသနာ နာမ၊ သာ မမ ကိလ မထော အဿာတိ၊ ဝိဟေ ကိလမထော စေဝ ဝိဟေသာစာတိ ဥဘယံ ပေတံ

ဗုဒ္ဓါနံ နုဏ္ဏိ ဗောဓိမူလေယေဝ သမုဋ္ဌိနုဏ္ဏာ-ဟူ၍ ဘွင့်ဖြတော်မူ၏။

ပါဠိ၌ချောက် အဓိပ္ပါယ်ကား—

သိလွယ်ကုန်သော သူတို့အား ဟောရခြင်းကြောင့် မြတ်စွာဘုရားအား ကိုယ်၏ပင်ပန်းခြင်းသည် မပင်ပန်းသည်သာလျှင်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် တရား၌ တည်ခြင်းသည် ငါ့ကိုလည်း မညှဉ်းဆဲဟူ၍ မိန့်တော်မူ၏။ ထို့ကြောင့်သာလျှင် မသိကုန်သော သူတို့အား အကြင်တရားဟောခြင်း မည်သည်ရှိ၏။ ထိုတရားဟောခြင်းသည် ငါ့အား ပင်ပန်းခြင်းသည် ဖြစ်၏ဟူ၍ မိန့်တော်မူ၏။ စိတ်၏ ပင်ပန်းခြင်းငှါ စိတ်ကို ညှဉ်းဆဲခြင်းငှါ ဤသို့ ထိုနှစ်ပါးရုံသည် မြတ်စွာဘုရားတို့အား မရှိ။ (အဘယ့်ကြောင့်နည်း ဟူမူကား) ဗောဓိပင်ရင်း၌ ပယ်ဖြတ်ပြီးသည်၏ အဖြစ်ကြောင့်တည်း။

(၁) (ခ) ဝန်ကြီးချုပ်၏သံသယ၌ အာဝေဏိကဂုဏ်တော်တို့ကို ချီးဖေါက်ရာ ဇာန္တိယ ပရောပရိ ယတ္တိဉာဏ် အာသယာနုသယဉာဏ်တော် သဗ္ဗညုတ ဉာဏ်တော် အနာဝရဏဉာဏ်တော်တို့သည် ထိုကြံစည်တော်မူချိန်၌ ကွယ်ပျောက်ရာရောက်နေသကဲ့သို့။ ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် “ငါသည်လည်း တရားကိုဟောငြားအံ့ သူတပါးတို့သည်လည်း ငါ၏တရားကို နားမလည်ကုန်ငြားအံ့” ဟူသော စကားရပ်တို့သည် ကျွတ်ထိုက်သော



ဝေနေယျ သတ္တဝါတို့ကို မမြင်ရာသို့ ကျရောက်သောကြောင့်တည်းဟု သံသယဖြစ်၏။ ထိုသို့လည်း သံသယ မဖြစ်ထိုက်ပေ။ (အဘယ့်ကြောင့်ဆိုသော်)နောက်၌ ဖြဲ့ပြီးသည့်အတိုင်း ထိုကဲ့သို့ ကြံစည်တော်မူသော အခိုက်အတန့်၌ ကျွတ်ထိုက်သော သတ္တဝါကိုသာ ကြည့်ရှုတော်မူသော ဣန္ဒြိယပရောပရိယတ္တိဉာဏ် အနာဝရဏ သဗ္ဗညုတ ဉာဏ်တော်တို့၏ အခွင့်အခါ မဟုတ်သေး၊ ကိလေသာ အနုသယ များသဖြင့် မကျွတ်ထိုက်သော သတ္တဝါတို့ကိုသာ(ဖြဗ္ဗာတောင်းပန်ခြင်းကိုအကြောင်းပြု၍)ကြည့်ရှုဆင်ခြင်တော်မူသော အာသယာ နုသယ ဉာဏ်၏ သာလျှင် အခါအခွင့် ဖြစ်နေ သောကြောင့် သံသယမဖြစ်ထိုက်ပေ။ နောက်၌ပြဲ့ပြီးသော ဒသဗလ ဉာဏ်ဆယ်ပါးတို့တွင် အပါအဝင်ဖြစ်ကုန်သော ဉာဏ်တော်တို့သည် တခုသော ဉာဏ်၏ အရာကို တခုသော ဉာဏ်ကကူးပြောင်း၍မသိပုံကို ဘွင့်ဆိုထားကြောင်းကို ရေးပြခဲ့ပြီးပြီ။ ပြန်၍ပြန်၍ သတိပြုလျက် ကြည့်ရှုပါလေ။ ထိုသို့ သူ့အခွင့်အခါနှင့်သူ အသုံး ပြုသော်သာ လျော်သော အကြောင်းရှိရာ၌ သူ့အခွင့်အခါ မဟုတ်၍ အသုံး မပြုသေးသောအခြားသောဣန္ဒြိယပရောပရိယတ္တိဉာဏ် သဗ္ဗညုတ အနာဝရဏ ဉာဏ်တော်တို့ဖြင့် မကြည့်ရှုကောင်းလား,မမြင်ရာကျနေပြီ မဟုတ်လားဟု အပြစ်ပြ၍ ထိုဉာဏ်တော်တို့ကို ချီးဖေါက်ရာ ကျသည်၊ ထိုအချိန် အခါ၌ ထိုဉာဏ်တို့ ကွယ်ပျောက် နေသကဲ့သို့ ရှိသည်ဟု

သံသယမဖြစ်သင့်ပေ။(ဘယ့်ကြောင့်ဆိုသော်)ထိုအခိုက် အတန့်၌ကျွတ်ထိုက်သော သတ္တဝါတို့ကိုသာ မြင်တော်မူသောဉာဏ်တော်တို့ဖြင့် အသုံးပြု၍ ကြည့်ရှုတော်မူနေပါလျှင်ငါဟောသောတရားကို ဤသတ္တဝါတို့မသိနိုင်ကုန်ရာ။ပင်ပန်းရုံသာရှိမည်ဟု ကြံစည်တော်မူသော စိတ်မဖြစ်တော့ရာ။ဤစိတ်မျိုး မဖြစ်ကလည်း ဗြဟ္မာလာ၍ တောင်းပန်ခွင့် မရှိ တော့ရာ။မတောင်းပန် ကလည်း ဗြဟ္မာကိုသာ အလေးဂရုပြုသူ ထိုအခါ၌များ၍ မြတ်စွာဘုရား၏ တရားကို အလေး အမြတ် မပြုကြတော့ရာ။ တရားကို အလေးအမြတ် မပြုကလည်း မကျွတ်ထိုက်သူတို့၌ ဆိုဖွယ်မရှိ။ ကျွတ်ထိုက်သည့် မဟာဓန သူဌေးသားကဲ့သို့သော သူများပင် လျော့ပါး ဆုတ်ယုတ်ကြတော့မည်ကို ကြိုတင် သိမြင်တော် မူသောကြောင့် အာသယာ နုသယ ဉာဏ်တော်ဖြင့် မကျွတ် ထိုက်သူတို့ကိုသာ အာရုံပြု ဆင်ခြင်တော်မူရ၏ဟု ယူဆပါလျှင် သံသယ ကင်းစင်နိုင်တော့၏။

ဤ၌ တခုကို အာရုံပြုခိုက် တခုကို အာရုံမပြုသေးကြောင်းကိုလည်း သတိပြုပါလေ။ ကိလေသာ နည်းပါးသူတို့လည်း ရှိပါသေးသည်ဟု ဗြဟ္မာက လျှောက်ထားသော်လည်း အသင် ဗြဟ္မာ မလျှောက်မီကပင် ရှေးခုနစ် သတ္တာဟအစဉ်၌ ငါဘုရားမြင်ပြီး ဖြစ်နေ၍သင်လျှောက်ရန် မလိုဟု မိန့်ဆိုတော်မမူဘဲ ရှေး၌ ကိလေသာများသူတို့ကို ဆင်ခြင်တော်မူသော စကားအစဉ်၏အတိုင်းပြန်၍



ဗြဟ္မာကို ပြောပြ နေခြင်းကား မသိမမြင်၍ မဟုတ်ဘဲ အကြိမ်ကြိမ်ထပ်၍တောင်းပန်ခြင်းအကျိုးရှိသောကြောင့်ပင်တည်းဟု တွေးတောဆင်ခြင်က သံသယ ကင်းပငြိမ်းစေနိုင်ရာ၏။

ပဉ္စဝဂ္ဂီငါးဦးမှအစ သုဘဒ္ဒအဆုံး ရှိသော ကျွတ်တန်းဝင်ကြမည့် ပုဂ္ဂိုလ်တွေ အများကြီး ရှိလျက် မမြင်လေဟန်ပြုထားသော ဤဝိနည်းမဟာဝါ, မူလပဏ္ဏာသပါဠိလာ စကားတို့ကြောင့် မြတ်စွာဘုရား၌ ဉာဏ်ပျက်သည်ဟုလည်းသံသယ မဖြစ်သင့်။(အဘယ့်ကြောင့်နည်းဟူမူ)နောက်၌ ဖြေကြားခဲ့သည့်အတိုင်း အကြောင်းဥပါယ၌ သိမြင် လိမ္မာတော် မူကြောင်းကို ပညာရှိအပေါင်းတို့ ချီးမွမ်းကြသောကြောင့်တည်း။

ဗြဟ္မာမင်းက တရားဟောရန် တောင်းပန်စေလိုသည်ဟူ၍ အလိုဆန္ဒရှိရုံမျှဖြင့် ထိုဆန္ဒတော်အတိုင်းသုံးဝဥသုံအကုန်ပြီးစီး နိုင်ပါသည်။ သုံးကြိမ်တိုင်တိုင် တောင်းပန်နေရန် ပြုလုပ်နေတို့ မလိုပါဟူသော သံသယ၌ ဤသို့တွေးဆင်ခြင်ရာ၏။

ဝန်ကြီးချုပ်၏ အလိုအတိုင်း မြတ်စွာဘုရားကလည်း ကျွတ်နိုင် သူတို့ကို ဆင်ခြင်၍ နေခိုက် ဗြဟ္မာသည် ငါဘုရားကို လာ၍ တောင်းပန်စေ သတည်းဟု ညွှတ်လိုက်သော် ဗြဟ္မာမင်းကလည်း မြတ်စွာဘုရား မည်သို့ကြံစည် နေသနည်းဟု စေတော ပရိယ ဉာဏ်ဖြင့်ကြည့်ရှုခဲ့ပြန်သော် မြတ်စွာ ဘုရားသည် ကျွတ်

ထိုက်သော သတ္တဝါတို့ကိုရှုဆင်ခြင်၍ မြင်သောကြောင့် တရားဟောတော့မည် ကြံစည်နေပြီဟု မြင်သောကြောင့် တရားဟောခြင်း၌ တောင်းပန်ရန် မလိုတော့ပြီဟုဖြစ်၍ နေပေလိမ့်မည်။ ထိုအခါ နောက်က ရေးပြခဲ့သည့်အတိုင်း အဆင့်ဆင့် အကျိုးမထင်ဘဲ အဆင် မပြေ ဖြစ်နေတော့ အံ့ဟု ကြံစည်ပါလေ။

(၃) (ခ) သံသယ၌ ၃-ကြိမ်တိုင် တောင်းပန်ရသည်ဟု ပါလာသောဗြဟ္မယာစနပါဠိစကား၌အကြိမ်ကြိမ် တောင်းပန်ရခြင်းကြောင့် တရား၌ ဂရုမမူအလေး အမြတ် ပြုရကျိုး ရှိကြောင်းကို မိတ္တေးတော် ဂေါတမီ ဒါရုစီ တို့၏ ဝတ္ထု တို့ဖြင့် ပြခဲ့ပြီး ဖြစ်၍ ကျေနပ် သင့်ကြောင်း။

(၄) သံသယ၌ ပင်ပန်းရုံ ရှိမည်ထင်၍ လူတို့အား တရားမဟောဘဲ နေရန် စိတ်ညွတ်ခဲ့ လေ၏ဟု ဘော်ပြ ထားပါသည်။ ဤစကားရပ်တို့ကိုလက်ခံအတည်ပြုပါလျှင် အရင် ပဌမ ဒုတိယ နှစ်ကြိမ်၌ သတ္တဝါတို့ တရားကို မမြင်နိုင်၍ဟောရန်ငါ၏စိတ်မညွတ်ဟုပြောပြီးမှ ၃-ကြိမ် မြောက်တောင်းပန်သော်ငါဘုရားတရားဟောတော့မည် နိဗ္ဗာန်သို့ဝင်ရန် မဂ်တည်းဟူသောတံခါးကို ဖွင့်တော် မူမည်ဆိုသောကြောင့် အရင်ဟောမှားသည် နောက်ဟော မှန်သည်ဟု ပြောင်းလဲခြင်း ရှိနေသော စကား ဖြစ်နေ ပါသည်ဟု သံသယ ဖြစ်ပြန်၏။ ဤသံသယ သည်လည်း နောက်၌ပြခဲ့ပြီးသည့်အတိုင်း မကျွတ်ထိုက်သူကို ရည်၍



ဆိုသော စကားနှင့် ကျွတ်ထိုက်သူကို ရည်၍ ဆိုသော စကားသည် အဘယ်သို့ တူနိုင် မည်နည်း။ ဤသို့မတူ သောကြောင့် ရှေးစကားလည်း မှန်သည့် အတိုင်းကိုပင် ဆို၏။ နောက်စကားသည်လည်း မှန်သည့်အတိုင်းကိုပင် ဆို၏ဟု ကြံဆသင့်၏။ ဝိနည်း မဟာဝါ ပါဠိတော်နှင့် မူလပဏ္ဏာသ ပါဠိတော်လာ ဤစကား နှစ်ဖြာ တို့၏ အဓိပ္ပါယ်ကား—

ပဌမစကား၌မကျွတ်ထိုက်သူတို့ကိုဟောရခြင်းသည် ကိုယ်နှုတ်ပင်ပန်းရုံသာ ရှိမည်ဟု အမှတ်သညာ ထား၍ စိတ်၌ ပင်ပန်းခြင်း မရှိငြားသော်လည်းမဟောကြားမူ၍ ငါဘုရား နေခဲ့၏။

ယခုမူကား သင်ဗြဟ္မာ အကြိမ်ကြိမ် လျှောက်ထား သောကြောင့် များစွာကုန်သော မကျွတ်နိုင်သူ တို့ကို အာရုံမမူတော့ဘဲ ကျွတ်ထိုက်သူ အနည်းငယ်မျှ ကိုသာ အာရုံပြု၍ ဟောတော့အံ့။ နားအကြားရှိကုန်သော ကျွတ် ထိုက်သူတို့သည် တရားတော်၌ မိမိ မိမိတို့၏သဒ္ဓါတရား တည်းဟူသောလက်ဖြင့် ခံယူကြစေကုန်လောဟုအဓိပ္ပါယ် လာသည်။ ရှေးစကား တမျိုး နောက်စကား တမျိုး မပါလေ။

အကယ်၍ ရှေ့စကားတမျိုး နောက်စကားတမျိုး ဖြစ်ပါသည်ဟု ဆိုလျှင် ဤသို့လာရမည်။ ရှေးယခင် ငါကြည့်စဉ်က မကျွတ်ထိုက်သူ ကိုသာ မြင်သည်။ ကျွတ်ထိုက်သူကိုငါမမြင်၊ ယခု သင်ဗြဟ္မာ တောင်းပန်

သောအခါတိုင်ရောက်မှ ထပ်မံကြည့်ရာ ကျွတ်ထိုက်သူတို့လည်းရှိကြောင်း ငါမြင်၏ဟုလာရမည်၊ ဤသို့လည်း ပါဠိတော်တို့၌ မလာ။ ထို့ကြောင့် စကားနှစ်မျိုးမရှိ။ မကျွတ်ထိုက်သူတို့ကို ဟောရလျှင် ပင်ပန်းရုံမျှရှိမည်ဟုသာ ထပ်၍ထပ်၍ ပြောကြောင်း ကျွတ်ထိုက်သူမရှိဟု မပြောကြောင်းဖြင့် ပါဠိ၌လာ၏။

ဤသို့သောအကြောင်းပရိယာယ်အားဖြင့်တသောင်းသော လောကဓာတ်မှ လာရောက်ကြ ကုန်သော နတ်ဗြဟ္မာတို့၏ ရှေ့၌ တရားတော်ကို ဂရု ပြုကြစေရန် ရည်သန်ပယ်ရှား၍ သဟံပတိ ဗြဟ္မာအား ပြောကြားတော် မူလိုက်သောကြောင့် ခဲခဲယဉ်းယဉ်း တောင်းပန်ရသော တရားပေတကားဟု ဂရုထားသဖြင့် ဓမ္မစကြာတရားကို ဟောတော်မူသောအခါ အလေးအမြတ်ပြု၍ နာကြရသောကြောင့် နတ်ဗြဟ္မာ တဆယ့် ရှစ်ကုဋေ ကျွတ်လွတ် ကြပေကုန်၏ဟု သဘောကျသင့်ကြောင်း။

နောက်ဆုံး ဝန်ကြီးချုပ်၏ ယူဆချက်၌—မြတ်စွာဘုရားသည် အဇပါလညောင်ပင်ရင်း၌ နေတော်မူသောအခါ ဆိတ်ငြိမ်ရာ၌ ကြံစည်တော်မူသည်မှာ သဟံပတိ ဗြဟ္မာမင်းက မြတ်စွာဘုရား တရားဟောဘို့အားလျော့ပြီဟု အထင်မှားသဖြင့် လာရောက် တောင်းပန်ပါလိမ့်မည်ဟု သံသယဖြစ်၏ဟု ဆို၏၊ ဤသို့လည်း မဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရား၏ စိတ်အကြံကို ကြည့်သောဗြဟ္မာမင်း၏စေတောပရိယအဘိညာဏ်က



မဟုတ်မမှန် အထင်မှားအောင် အားမလျော့ဘဲ အားလျော့သည်ဟု မမြင်ကောင်းလေ။ တရားမဟောလိုဟု ကြံစည်လျှင် မဟောလိုဟု ကြံစည်ကြောင်း ကိုသာ မြင်ကောင်း၏။ ဟောတော်မူမည်ဟုကြံစည်နိုက်၌ကြည့်လျှင်လည်း ဟောမည်ဟု ကြံစည်ကြောင်း ကိုသာ မြင်ကောင်း၏။ ဖောက်ပြန်မှားယွင်း၍ အဘိညာဏ်စိတ်က မမြင်လေ၊ အမှန်ကိုသာ မြင်၏။ ထို့ကြောင့် ဗြဟ္မာ၏ အထင် မှားမှုလည်း မဖြစ်သင့်ပေ။ တရားမဟောရန် စိတ်ကို မကြံစည်ဘဲ မြတ်စွာဘုရား၏ တန်ခိုးတော်ဖြင့် ဗြဟ္မာသည် ငါ့အား တရားဟောရန် တောင်းပန်ရန် လာစေသတည်း—ဟု အဓိဋ္ဌာန်ပြုလိုက်သဖြင့် ဗြဟ္မာ လာရောက်ခဲ့သော် သဟံပတိဗြဟ္မာ တဦး တယောက်တည်းသာ လာရောက် ပေလိမ့်မည် တသောင်းသော လောကဓာတ်မှ နတ် ဗြဟ္မာ တို့ ပါလာကြလိမ့်မည်မဟုတ်ပေ။

ယခုမှကား သဟံပတိ ဗြဟ္မာက မြတ်စွာဘုရား၏ စိတ်အကြံကို ကြည့်နိုက်၌ တရား မဟောရန် ကြံစည် ဆင်ခြင်၍ ပြလိုက်သောကြောင့် သဟံပတိ ဗြဟ္မာက ထိတ်လန့်အံ့သြလျက် နဿတိ ဝတ ဘော လောကော၊ အချင်းတို့...... လောကကြီး ပျက်စီးခဲ့ တကား—ဟု ပြောကြား၍ ကြွေးကြော်လိုက်သောကြောင့် စကြဝဠာ တသောင်းမှ နတ် ဗြဟ္မာ အပေါင်းတို့ပါ လိုက်ပါလာ ရောက်ကြရပေသည်ဟု ကြံစည်ပါလေ။

ဤသို့ နောက်၌ ပြခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာတို့၏ စကားမျိုးနှင့် လျော်ညီစွာ အခြားသောနေရာတို့၌လည်း ဤနည်းအတူ မသိ မမြင် နားမလည်နိုင်သူဘို့ကို မြတ်စွာဘုရား မိန့်ဆိုပုံရှိ၏။

ခန္ဓသံယုတ် ပုပ္ဖဝဂ်၌-

ယော ဘိက္ခဝေ တထာဂတေန ဧဝံ အာစိက္ခိယမာနေ ဒေသိယမာနေ ပညပိယမာနေ ပဋ္ဌပိယမာနေ ဝိဝရိယမာနေ ဝိဘဇိယမာနေ ဥတ္တာနီ ကရိယမာနေ န ဇာနာတိ၊ န ပဿတိ၊ တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိ ကရောမိ-ဟူ၍ လာ၏။

အနက်ကား -

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းသော မြတ်စွာဘုရားသည်၊ ဧဝံ၊ ဤသို့။ အာစိက္ခိယမာနေ၊ ပြောကြားသည် ရှိသော်။ ဒေသိယမာနေ၊ ဟောကြားတော် မူသည် ရှိသော်။ ပညပိယမာနေ၊ သိစေအပ်သည် ရှိသော်။ ပဋ္ဌပိယမာနေ၊ ရွတ်ဆိုအပ်သည်ရှိသော်။ ဝိဝရိယမာနေ၊ ဘွင့်ဆိုအပ်သည် ရှိသော်။ ဥတ္တာနီ ကရိယမာနေ၊ ပေါ်လွင်ထင်ရှားသည်ကို ပြုသည်ရှိသော်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ န ဇာနာတိ၊ မသိ။ န ပဿတိ၊ မမြင်။ ဗာလံ၊ မသိ မလိမ္မာသော။ ပုထုဇ္ဇနံ၊ များသော ကိလေသာရှိသူ



ဖြစ်သော၊ အန္ဓံ၊ ပညာမျက်စိ ကန်းသော၊ အစက္ခုကံ၊ ပညာမျက်စိ မရှိသော၊ အဇာနန္တံ၊ မသိသော၊ အပဿန္တံ၊ မမြင်သော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်၊ ကိန္တိ ကရောမိ၊ အဘယ်သို့ ပြုရအံ့နည်း။

ဤမျှလောက်သော ပါဠိတော် အဋ္ဌကထာ ဋီကာ စကားတည်း ဟူသော **အာဂမယုတ္တိ** သင့်တင့်လျောက်ပတ် အပြစ်မညီကပ်သော လောက၏ အသိ အမှတ် အပြောအဆိုမျိုးအတိုင်း မြတ်စွာဘုရားတို့သည် သိမှတ်ပြောဆိုခြင်းကို ပြသော **သဘာဝယုတ္တိ** တို့ဖြင့် ဝန်ကြီးချုပ်၏ သံသယ တို့သည် မိလိန္ဒမင်းကဲ့သို့ လွတ်ကင်းလွင့်ပျောက်စေသတည်း။

ပုသိန်နီရင်ဗု—ကျုံပျော်မြို့ ဝေဠုဝန် ဆရာတော်ဘုရားကြီး၏ အမိန့်အရ အဂ္ဂဝါသိက တပည့်ဖြစ်သော ပုသိန်မြို့ **သန္တာရုံ ဆရာတော်**၏ ပြဿယာစန သံသယဖြေရှင်းချက်သည် ၁၃၁၆–ခု၊ တပေါင်းလဆန်း ၉-ရက်နေ့၌ ပြီးဆုံးခြင်းသို့ ရောက်၏။

## ကျမ်းပြီး အာသီသ

သံဝေဇနီယ သက္ကာယ၊
ဒိဋ္ဌိ ဝိနိစ္ဆယော အယံ။
ဗြဟ္မယာစန ဝိသဇ္ဇနာ၊
ဓမတံ ဝိတထံ မတိံ။

သံဝေဇနီယ သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယော၊ ခန္ဓာ, အာ, ဓာတ် မပြတ်ဖြစ်ရာ သံသရာဝယ် မှန်စွာ ငြီးငွေ့ ကြောင်း ဖြစ်သော **သံဝေဇနီယ ကထာ ကျမ်း**, သက္ကာယ ဒိဋ္ဌိကို ကျမ်းများစွာ နှိုင်းညှိ၍ တိကျစွာ ဆုံးဖြတ်သော **သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယကျမ်း** သည်၎င်း။ အယံ ဗြဟ္မယာစန ဝိသဇ္ဇနာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ဆင့်ထုတ် ဝေဌ ခက်ခဲ လှစွာသော ဗြဟ္မယာစန ကထာ ပြဿနာ အမေးကို ကြံတွေးထောက်ညှိ ပါဠိအာဂမ် အဖုံဖုံသော အဋ္ဌကထာ စကားရပ် တို့ဖြင့် ဝင်ပြတ် ဖြေရှင်း အပ်သော **ဗြဟ္မယာစန ကထာ** မည်သော ဤအဖြေ ကျမ်း သည်၎င်း။ ဝိတထံမတိံ၊ နည်းလမ်း အမှန် မဝေဇနိုင်၍ ကျမ်းဂန်မမှု မကျနသဲ ယွင်းခွဖေါက် ပြန် ညွှတ်လွဲသော အသိဉာဏ်ကို။ ဓမတံ၊ ဗုဒ္ဓ ဘာသာ သမ္မာယူချုပ် အမှန်ထုတ်၍ မှတ်လွှင့် ဖျောက်ထွတ်ပါစေ သတည်း။